မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄၁)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်က ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကို စီမံကိန်းတစ်ရပ်ချမှတ်ပြီး အားပေးလျက်ရှိ စဉ်ဆက်မပြတ် စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ဆက်စပ်ဌာနများ ပံ့ပိုးကူညီဖြည့်ဆည်း ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်၍ ဈေးကွက်တွင်ကျယ်ရေး အလေးထား

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဆီချော၊ ဆီသန့်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဆီချော၊ ဆီသန့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူအတွက် လိုအပ်သော စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းဖြစ်သည်သာမက ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းမျိုးဖြစ်၍ ဈေးကွက်၌ ပိုမိုအောင်မြင် တွင်ကျယ်စေရေးကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုဆို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၈ နာရီတွင် ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဆီချော၊ ဆီသန့်စက်ရုံသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်နှင့် ကမ္ဘာတစ်လွှား အားကစား အညွှန်း



လူလိုက်ပါခြင်းမရှိသော နေရောင်ခြည် စွမ်းအင်သုံး အပေါ့စား လေယာဉ်ငယ်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင် (စာ-၁၂)

အသက် ၁၇နှစ်အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နိုင်ဂျီးရီးယားက စပိန်ကို ပယ်နယ်တီဖြင့်နိုင်ပြီးဖိုလ်စွဲ

ကမ္ဘာတစ်လွှား အားကစား(စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်)

သီးနှံထုတ်လုပ်မှုစွမ်းအား မြင့်မားတိုးတက်စေရေး လယ်ယာသုံးစက်ကိရိယာများ ပိုမိုမြှင့်တင်သုံးစွဲ

နိုင်ငံတော်က လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

လယ်ယာကဏ္ဍတွင် စက်ကိရိယာများ တိုးချဲ့သုံးစွဲလာစေရန် ရည်ရွယ်လျက် စပါးရိတ်သိမ်း၊ ခြွေလှေ့၊ ထွန်ယက် စိုက်ပျိုးပွဲကို မကြာမီက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သော စပါးခင်းများကို ရိတ်သိမ်းစက်များဖြင့် ရိတ်သိမ်းခြင်း၊ ပြည်တွင်းဖြစ်စက်မှုဇုန်ထုတ် ခြွေလှေ့စက်များဖြင့် ခြွေလှေ့ခြင်း၊ စပါးအခြောက်ခံစက်များသုံး၍ အခြောက်ခံခြင်း၊ သဘာဝ နေရောင်ခြည်သုံး စပါးအခြောက်လှန်းခြင်း၊ သဘာဝ သစ်ရွက်ဆွေးမြေသြဇာ ပြုလုပ်ခြင်းတို့ကို လက်တွေ့ သရုပ်ပြခဲ့သည်။

ထို့အပြင် စပါးစိုက်ပျိုးရန် လယ်ယာ၁၆၊ လယ်ယာ၂၂နှင့် ဒေါင်ဗန်းလက်တွန်း လယ်ထွန်စက်များဖြင့်လည်း စုပေါင်းထွန်ယက်ခဲ့ကြသည်။

ယခုအခါ တောင်သူလယ်သမားများ၏ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်ရေး ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၌ လယ်ယာကဏ္ဍတွင် စက်စွမ်းအားသုံးစွဲလုပ်ကိုင်ရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ စိုက်ပျိုးရာသီ၌ ထွန်စက်ကြီး ၁၁၄၇၅ စီး၊ လက်တွန်းထွန်စက် ၁၀၃၂၈၇ စီးနှင့် အခြားစက်ကိရိယာ အမျိုးမျိုးတို့ကို တိုးချဲ့သုံးစွဲခဲ့သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် သီးနှံထုတ်လုပ်မှုစွမ်းအား မြင့်မားတိုးတက်စေရန်နှင့် လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးလာစေရန်အတွက် လယ်ယာသုံးစက်ကိရိယာများ ပိုမိုမြှင့်တင် သုံးစွဲသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာ (A)ဆောင် အမှတ် ၆၁၅ ခြောက်လွှာနေ ဒေါ်နု(ခ)ချွာရှုပီ၊ သားသမီး၊ မြေးတစ်စုက ကျောင်းအလှူငွေကျပ်တစ်သိန်းသုံးသောင်းကို ကျောင်းဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)၏ ရှေ့မှောက်၌ လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၁-၉-၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၃၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ မွေးမြူသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကာံမရောက်** (အပိုင်း-၂၄) ဇာတ်သိမ်း

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေး နယ်ပယ်အလိုက် အတွေ့အကြုံများအပေါ် အခြေခံ အထောက်အကူပြုအစီအမံများ ပါဝင်ဆွေးနွေးကြ

နေပြည်တော် စက်တင်ဘာ ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကမ္ဘာ့ခရီးသွားလာရေးလုပ်ငန်း ကွန်ဖရင့်မှ ခရီးသွားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှင်းလင်းခြင်းနှင့် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ၈ရက် နံနက်၈နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာန ခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးအစီအစဉ်အရ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခု အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ ခရီးသည်ဝင်ရောက်မှုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက တက်ကြွစွာပူးပေါင်းဆောင်ရွက်လာမှု၊ အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲများတွင် ခရီးစဉ်မြှင့်တင်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်လာနိုင်မှု ခရီးစဉ်ဒေသသစ်များပေါ်ထွန်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဖော်ထုတ်ပြသရေး၊ ဇုန်အလိုက် ဟိုတယ်လုပ်ငန်းများ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရေး၊ ဈေးကွက်ရှာဖွေရေး၊ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ပါဝင်ပူးပေါင်းမှု မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်နေမှု အခြေအနေနှင့် တက်ရောက်လာကြသူများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိဆောင်ရွက်နေသော နယ်ပယ်အလိုက် အတွေ့အကြုံများအပေါ် အခြေခံလျက် အထောက်အကူပြု အစီအမံများ ပါဝင် ဆွေးနွေးကြရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ ၂၀၀၇ခုနှစ် ဇွန်လတွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်သို့ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ တက်ရောက်ခဲ့ကြသော ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အေးတို့က ကွန်ဖရင့်အတွေ့အကြုံနှင့် အပြည်ပြည်ဆိုင်ရာ ပညာရှင်အသီးသီးက တင်သွင်းသော ခရီးသွားလုပ်ငန်းဆိုင်ရာ စာတမ်းပါဖော်ပြချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆွေးနွေး

ထို့နောက် ခရီးသွားလာရေးကြီးကြပ်မှုဌာန ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်က ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ ခရီးသွားလာရေးမြှင့်တင်မှုဌာန ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အေးက ခရီးလှည့်လည်ရေး ဈေးကွက်မြှင့်တင်မှုဆိုင်ရာ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဟိုတယ်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်ဇော်ဝင်းက ဟိုတယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုနှင့် ခရီးသွားလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်က မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အကြံပြု

ဆက်လက်၍ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးသက်လွင်တိုးနှင့် မြန်မာနိုင်ငံခရီးသွားဈေးကွက်မြှင့်တင်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်စုစုတင်တို့က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ပြည်တွင်းခရီးစဉ်ဒေသများ တိုးတက်ဖော်ထုတ်ရေးကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။ **(သတင်းစဉ်)**

11-9 (02) 1 9/11/07, 1:17 AM

*** ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များအား စက်ရုံအစည်း အဝေးခန်းမ၌ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က စက်ရုံမှ ဆီကြမ်း၊ ဆီချော (စားအုန်းဆီ)၊ ဆီခဲ (မုန့်လုပ်ဆီ)၊ ဆပ်ပြာဆီ (PFAD) လစဉ်အလိုက် ထုတ်လုပ်မှု၊ ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ဆီကြမ်း တန်ချိန် ၂၀၀၀ ကျော် သန့်စင်နိုင်ရန် ဆောင်ရွက်နေမှု၊ မြန်မာ့ ကြယ်ငါးပွင့် စင်းလုံးငှားသင်္ဘောဖြင့် ဆီကြမ်းများကို ကော့သောင်းမှ ရန်ကုန်သို့ လျင်မြန်စွာ သယ်ပို့နိုင်မှု၊ ၂၀၀၇ ခုနှစ်တွင် ဆီအုန်းစိုက်ပျိုးလျာထားဧက ၁၄၀၀၀ ကျော်လွန်ပြီး ၁၅၅၅၉ ဧက စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၈ ခုနှစ် စိုက်ပျိုး ရာသီတွင် ဧက ၁၀၀၀၀ တိုးတက် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှု၊ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှိ ဝန်ထမ်းအင်အားနှင့် စက်ယန္တရား အခြေအနေ၊ ဆီသီးဆွတ်ခူးမှု၊ စားအုန်းဆီချောနှင့် ဆီကြမ်းထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ရေရှည်အကျိုးဖြစ်ထွန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် လုပ်ငန်းဖြစ်သည်သာမက စိုက်ပျိုးသူ လုပ်ငန်းရှင်များအတွက်လည်း ရေရှည်အကျိုးဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းဖြစ်သော ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတော်က စီမံကိန်းတစ်ရပ်အဖြစ် သတ်မှတ်ပြီး အားပေးလျက်ရှိကြောင်း။

ပြည်တွင်း စားသုံးဆီဖူလုံရေးသာမက ပြည်ပသို့ပင် စားအုန်းဆီ တင်ပို့နိုင်ရေးအတွက် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် ရည်မှန်း၍ ငွေကြေး အရင်းအနှီးမြှုပ်နှံပြီး လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိသော တိုင်းရင်းသား လုပ်ငန်းရှင်များကို နိုင်ငံတော်က ဖိတ်ခေါ်၍ ဆီအုန်းလုပ်ငန်းများကို လုပ်ကိုင်စေခဲ့ကြောင်း။

အလေးထားအားပေးနေ

ပြည်သူအတွက် လိုအပ်သော စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းဖြစ်သည်သာမက ကုန်ထုတ်လုပ်မှု ကဏ္ဍ၌ တိုက်ရိုက် ရင်းနှီးမြှုပ်နှံခြင်းမျိုးဖြစ်၍ အလေးထား အားပေးနေခြင်းဖြစ်ကြောင်း။

လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ပေါ်ပေါက်လာသည်နှင့်အမျှ သွင်းကုန်အစားထိုးနိုင်ရေးအတွက် စားအုန်းဆီချောများကို စဉ်ဆက်မပြတ်ထုတ်လုပ်သွားရန်လိုကြောင်း၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းများ အခက်အခဲမရှိစေရေးအတွက်လည်း ဆက်စပ်ဌာနအသီးသီးမှ တာဝန်ရှိသူများအပိုင်းက ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဝန်ထမ်းများ၏ ကျန်းမာရေး၊ စားဝတ်နေရေးတို့ကို စနစ်တကျ ဆောင်ရွက်ကြရန် လိုကြောင်း၊ တိုင်းရင်းသား လုပ်ငန်းရှင်များ အနေဖြင့်လည်း အမျိုးသားစီးပွားရေးဘဝတွင် ဖြစ်ထွန်းအောင်မြင်လာသည်နှင့်အမျှ ကုန်ပစ္စည်းအရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် ဈေးကွက်၌ ပိုမိုအောင်မြင် တွင်ကျယ်စေရေးကို အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် စက်ရုံအတွင်း ဆီချောအဆင့်ရောက်ရှိရန် ဓာတ်ခွဲစမ်းသပ်နေမှု၊ ဆီချောဆီသန့် ထည့်သွင်းရန်အတွက် ဆီသတ္တု သံပုံး ထုတ်လုပ်မှုအဆင့်ဆင့်၊ အဆီခဲထုတ်လုပ်မှုအဆင့်ဆင့်၊ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက်သို့တင်ပို့ရန် ထုတ်လုပ်ပြီး ဆီသန့်ကုန်ချောများ၊ ဓာတ်အားပေး ထိန်းချုပ်ခန်း၊ စားအုန်းဆီသန့် ချက်လုပ်မှု အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ပညာရှင် မလေးရှားနိုင်ငံသား Mr. Ho တို့က လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါ ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဆီချောဆီသန့် စက်ရုံကို ၂၀၀၆ခုနှစ် ဇွန်၂၅ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါစက်ရုံမှ စားအုန်းဆီသန့် တစ်ရက်လျှင် တန် ၃၀၀ သန့်စင်ထုတ်လုပ်နိုင်သည်။ ယခုစက်တင်ဘာလအတွင်း ဆီကြမ်းတန်ချိန်၂၀၀၀ကျော် သန့်စင်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မြင်ဖြစ်ထွန်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်နှင့် ပြည်ပ ပို့ကုန်အတွက် ရည်ရွယ်၍ ယုဇနစိုက်ပျိုးရေးအဖွဲ့က တနင်္သာရီတိုင်း ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့တွင် ၁၉၉၉ခုနှစ်မှ စတင်၍ ဆီအုန်းပင်များကို စိုက်ပျိုးခဲ့ရာ စီမံကိန်းလျာထားချက်ဧက ၁၀၄၀၀၀ အနက် ၁၀၂၂၉၇ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေနားပန်စေတီတော်တွင် နေပူခံကျောက်ပြား လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်မြတ်ကြီးအား ရင်ပြင်တော်တစ်လျှောက် နေပူခံကျောက်ပြားများ အသစ်ပြန်လည်ခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၆ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ရာ ယခင်လှူဒါန်းထားသော အလှူရှင်များနှင့် အသစ်ထပ်မံလှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် နေပူခံကျောက်ပြား တစ်ချပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်း၊ ၁၀ ပေ ပတ်လည်တစ်ကျင်းလျှင် ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်းဖြင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၅၇၃၅၈၅၊ လိုင်းခွဲ(၃၃၃)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဇလွန်မြို့နယ် အသင်း(ရန်ကုန်) မဟာ ကမ္မဋ္ဌာနာ စရိယ ဂုဏပူဇာ မင်္ဂလာ နှင့် (ဆဋ္ဌမ) အကြိမ် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်း ပွဲကို စမ်းချောင်း မြို့နယ် မြသိန်းတန် အောင်မြေရုံကြီးတွင် စက်တင်ဘာ ၉ ရက်က ကျောင်းပရာအသင်း ဥက္ကဋ္ဌ ဦးလှမြင့် (ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)နှင့် ဒုတိယဥက္ကဋ္ဌဦးသိန်းတို့က မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ ဆရာတော်အား ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

စက်တင်ဘာ ၁၀ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်စား ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌဦးခင်မောင်စိုး အင်းစိန်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွက် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဆွမ်းဆက်ကပ် လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၀

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံဆရာတော်များနှင့် သင်တန်းသား ရဟန်းတော်၄၁၃ပါးတို့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့ နံနက်၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌဦးသန်းညိန်းနှင့် ဇနီး ဒေါ်ခင်သွယ်သွယ်မြင့်၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ တက်ရောက် ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချ

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်လိုက်သည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏိတထံမှ ငါးပါးသီလခံယူကာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီး၊ ဌာနအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ် လေးသိန်းတိတိကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌကပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစိုးမင်းထွန်းက လက်ခံရယူပြီးနောက် ဆရာတော်သံဃာတော်များထံမှ အနုမောဒနာတရားတော် နာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ သံဃာတော်များအား မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကြည်ညိုသဒ္ဓါပွားများခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၉–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ဤပစ္စည်းဘယ်သူ့ပစ္စည်းလဲ တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈း၀၅	မြတ်သောဒါန သံဃိကဆွမ်းဆန်စိမ်းအလှူတော်
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	Sunday Talk
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	ဆေးပညာနှင့်ပတ်သက်သော အယူအဆအမှားများ(အပိုင်း–၂) (ဒေါက်တာ–အေးကျော်၊ ဇီဝကမ္မဗေဒ)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	လှူဒါန်းပူဇော်မဟာအတုလ သဒ္ဓမ္မရံသီသာသနာ့ဗိမာန်တော်
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	လောကဥယျာဉ်အတွင်းမှ ပန်းကလေးများ (အမျိုးသမီးကလေးများ သင်တန်းကျောင်း)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	Music Gallery (မဟာဝံသမြတ်ဗုဒ္ဓ)
၁၂း၁၅	ဖူးမဝသည် ထူးလှသည့် ရောင်ခြည်တော်များနှင့် ရှင်စောမြတ်စေတီ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမှတ် ၅၆၃ မဓာဝီလမ်း (ဆ)ရပ်ကွက် မြောက်ဥက္ကလာပ မြို့နယ်နေ ဦးအိကြူ–ဒေါ်အိလန်မိသားစု (သိန်းကမ္ဘာ အမှုန့်ကြိတ်စက်လုပ်ငန်း)က ဦးအိကြူ၏ (၇၅)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၃၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်းက လက်ခံယူစဉ်။ (က–ပ)

စတုဘုမ္မိက တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း ခရမ်းမြို့ စတုဘုမ္မိက ကျောင်းတိုက်၌ ရွှေမင်းဝံ၄က်တွင်း ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို ဘဒ္ဒန္တ ကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)နှင့် ပြည်သာယာ ခရမ်းစတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က စက်တင်ဘာ ၁၂ရက်မှ ၁၈ရက်အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ စက်တင်ဘာ၁၁ရက် ညနေ ၄နာရီ အရောက် ရိပ်သာဝင်ရောက်ရမည်ဖြစ်ပြီး ဖုန်း– ၃၉၀၃၈၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဂရုဓမ္မလူ့သီလအကြောင်း သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်းတွင် အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)ဋီကာကျော် သင်တန်းနည်းပြ(သာသနဓဇဓမ္မာစရိယ၊ သာသနကိုရဓမ္မာစရိယ)က စက်တင်ဘာ ၁၇ရက် (တနင်္လာနေ့)မှ ၂၁ရက် (သောကြာနေ့)အထိ နေ့စဉ်နံနက် ၇နာရီမှ ၈နာရီခွဲအထိ ဂရုဓမ္မလူ့သီလ အကြောင်း သင်တန်းဖွင့်လှစ်ပြသမည် ဖြစ်သည်။ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် စက်တင်ဘာ ၂၆ရက် (ဗုဒ္ဓဟူးနေ့)နံနက်၅နာရီခွဲတွင် အခါတော်နေ့ ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပန်းတောင်ပွင့်ဝေ ရှမ်း(တောင်)မြင့်မြေ (၄)
ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)

(က)

တည်နေရာမှာ ရှမ်း(တောင်)မြို့တော် တောင်ကြီးမြို့ဖြစ်၍ တည်လာသောအရာမှာ ဇီဝိတဒါန သံဃာ့ဆေးရုံဖြစ်၏။ ယခင် ဘယ်ခေတ် ဘယ်ကာလတုန်းကမှ မတည်ထွန်းခဲ့ဘဲ ယခုတပ်မတော်အစိုးရ လက်ထက်တွင်မှ တည်ထွန်းဖြစ်ရှိလာသော သာသနာအကျိုးပြု ကောင်းမှုရုပ်သွင်တစ်ခု ဖြစ်ပါသည်။

(ခ)

၁၂-၆-၂၀၀၇ရက်နေ့တွင် ဇီဝိတဒါနသံဃာ့ဆေးရုံ(တောင်ကြီး) ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို တောင်ကြီးမြို့ရှိ ယင်းဆေးရုံတည်ရှိရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့လေပြီ။

ဇီဝိတဒါန သံဃာ့ဆေးရုံဖွင့်ပွဲ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်အားပေး၏။ ထို့အတူ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်အမှူးပြုသည့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ တောင်ကြီးပညာရေးကောလိပ်မှ ဆရာဆရာမများ၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တောင်ကြီးမြို့ပေါ်မှ မြို့မိမြို့ဖများ၊ အလှူရှင်မိသားစုများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ တောင်ကြီးမြို့ အမှတ်(၃)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများမှ ဘင်ခရာအဖွဲ့ဝင်များနှင့် ပုသိမ်ထီးအကအဖွဲ့ဝင် ကျောင်းသူလေးများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြပါသည်။

တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)ကို ဖွင့်လှစ်ပေးကြကာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ခလုတ်နှိပ်၍ ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်း ကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနား ပထမပိုင်း အောင်မြင်စွာ ပြီးမြောက်ပါသည်။

(ဂ)

ထိုမှ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ဤသို့ ထည့်သွင်းပြောကြား၏။

"ယခုဖွင့်လှစ်သည့် ဇီဝိတဒါန သံဃာ့ဆေးရုံသည် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေးကို ကြိုးပမ်းနေကြသည့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာ၊ သီလရှင်များအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကုသိုလ်ဒါနကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် သာသနာတော် အတွက်ရော၊ ကျန်းမာရေး ကဏ္ဍအတွက်ပါ အထူးဝမ်းမြောက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း"

မှန်ပါသည်။ ယခု ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)သည် တက်ရောက်ကုသခံယူမည့် ရဟန်းတော်နှင့် သီလရှင်များအား နဝကမ္မမကုန်ကျစေဘဲ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ လှူဒါန်းမည့်ဆေးရုံဖြစ်၏။ ဆွမ်းအာဟာရပါ လိုအပ်သလို လှူဒါန်းဆက်ကပ်မည်ဖြစ်၏။ နိုင်ငံအဝန်း မြို့များရှိ ဆေးရုံများဝယ် သံဃာဆောင်သီးသန့်ထားရှိတတ်သော်လည်း တစ်စိတ်တစ်ပိုင်းမျှသာ စောင့်ရှောက်မှုပေးလှူနိုင်ကြပါသည်။ ယခု ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)မှာမူ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ လှူဒါန်းမည်ဖြစ်ပါသည်။

"နိုင်ငံတော်က နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာရေးတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အချိန်အခါသမယတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ယခုကဲ့သို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှု၊ ဒေသခံစေတနာရှင်များ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်ထူထောင်နိုင်သည်ကို တွေ့မြင်ရသည့်အတွက် နိုင်ငံတော်အစိုးရကိုယ်စား အထူးဝမ်းမြောက် ဂုဏ်ယူပါသည် ပြောကြားလိုကြောင်း"ဖြင့် ထည့်သွင်းပြောကြားလေ၏။

ရတနာစည်ဆရာတော်(လွိုင်လင်)

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကား ပြောကြားရာဝယ် ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး) ဖြစ်လာအောင် ဆောင်ရွက်ခဲ့ပုံများ ပြောကြားပြီး ဤသို့ ဆက်လက်ပြောကြား၏။

"ယခုကဲ့သို့ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှု၊ စေတနာရှင် ကမ္ဘောဇဘဏ်လီမိတက် မိသားစု၏ လှူဒါန်းမှု၊ အသီးသီးသော ကုသိုလ်ရှင်၊ စေတနာရှင်တို့၏ စေတနာသဒ္ဓါထက်သန်မှုတို့ဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံ ဖြစ်တည်လာခြင်းမှာ ဒေသခံရဟန်းရှင်လူ ပြည်သူများအတွက် ဝမ်းမြောက် အားတက်ဖွယ်ရာ ဖြစ်ပါကြောင်း"

မှန်ပါသည်။ ဤအရှင်တို့ သီတင်းသုံးရာ လွိုင်လင်မြို့သည် တောင်ကြီးမြို့နှင့် နှစ်နာရီကျော် သုံးနာရီခန့် ခရီးသာရှိသည့်အတွက် နေ့ချင်းသတင်းများ အစုံအစုံကြားရလေ့ရှိရာ ယခု ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)သတင်းကို စတင်ကြားသိရကတည်းက သတင်း၏ ပျံ့သင်းကြိုင်လှိုင်မှုကြောင့် ကြည်နူးဝမ်းသာကြရပါကုန်၏။ ၁၂-၆-၂၀၀၇ ရက်နေ့မှစ၍ကား တစ်ကျောင်းမှတစ်ကျောင်း၊ တစ်ပါးမှတစ်ပါး ဆင့်ပွားပြောဆို ကြည်နူးပိုကြရပါကုန်၏။

ဗုဒ္ဓဘုရားရှင်လက်ထက်တွင် အားကိုးရာအဖြစ် သမားတော်ကြီးဇီဝက ရှိခဲ့ဖူးသလို ယခု ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)သည်လည်း ရဟန်းနှင့် သီလရှင်များအတွက် ကျန်းမာရေးဆိုင်ရာ အားကိုးရာအဖြစ် ထွန်းသစ်လာပြီဖြစ်ရကား အဘယ်ရဟန်း၊ အဘယ်သီလရှင်သည် ကြည်လင်လန်းစွာ ဝမ်းမသာဘဲနေနိုင်ခြိမ့်မည်နည်း။

စကားစပ်၍ပြောရလျှင် မြန်မာဆရာဝန်များသည် ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာဝင်များပီပီ သာသနာတော်ကို ကြည်ညိုလေးမြတ်သည့် သဒ္ဓါစိတ်ကြောင့် ဂိလာနရဟန်းနှင့် သီလရှင်များအား စမ်းသပ်ခ၊ ကုသခ မယူကြရုံသာမက ဆေးဖိုးကိုပင် မယူကြဘဲ လှူကြသည့် အလေ့အထ ရှိနေကြပါသည်။ သို့သော် ရဟန်းနှင့်သီလရှင်များ၏ နူးညံ့သည့်စိတ်ထား သဘာဝအရ အားတုံ့အားနာဖြစ်ကြကာ နောက်တစ်ကြိမ်ရောဂါဖြစ်လာလျှင် ထိုဆရာဝန်ထံ မကြွဖြစ်တော့ပါ။

ယခု ဇီဝိတဒါန သံဃာ့ဆေးရုံသော်မူ ရဟန်းနှင့် သီလရှင်များအတွက် သီးသန့်စီမံချက်ဖြစ်ရကား တစ်စုံတစ်ရာ အားနာဖွယ်မရှိတော့ဘဲ အားပါးတရ ကုသခံယူရုံသာရှိတော့သဖြင့် ဤသို့သော အနေအထားသို့ ရောက်အောင် ချီးမြှောက်စောင့်ရှောက်ပေးလျက်ရှိသော နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ အလှူရှင်မိသားစုအားလည်းကောင်း၊ အခြားသော ဆေးပဒေသာပင် အလှူရှင်များအားလည်းကောင်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နှင့် သမားတော်များ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝေယျာဝစ္စ လုပ်အားဒါနရှင်များအား လည်းကောင်း၊ ရှမ်း(တောင်)ရှိ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များကသာမက တစ်နိုင်ငံလုံးရှိ သာသနာဝင်နှင့် သာသနာ့နွယ်ဝင်အားလုံးတို့က ရွှင်ပြုံးဝမ်းသာ မုဒိတာ မေတ္တာပွားပို့နေကြမည် ဧကန်ဖြစ်ပါတော့၏။

ဇီဝိတဒါန သံဃာ့ဆေးရုံ(တောင်ကြီး)နှင့်စပ်လျဉ်း၍ သတင်းအဖြစ်သာမက ကိုယ်တွေ့မြင်ကွင်းအဖြစ်ပါ မျက်မြင်တွေ့ရှိနိုင်ဖို့ ဤအရှင်တို့သည် နဝင်္ဂစုရ အရှင်အာဒိစ္စဝံသ (မိုင်းပွန်မြို့၌ ယောဂီ ၁၀၀ တရားအားထုတ်နိုင်မည့် သာသနိကအဆောက်အအုံများ ဖြစ်ထွန်းလာရေး ဦးဆောင်ကြိုးပမ်းနေသည့်အရှင်) နှင့်အတူ ကိုယ်တိုင်ကိုယ်ကျ သွားရောက် လေ့လာတွေ့ရှိချက်များ၊ ဆေးရုံ၌ ကုသမှုခံယူနေသည့် ရဟန်းနှင့် သီလရှင်များ၏ ကိုယ်တွေ့ပြောပြချက်များ၊ သမားတော် ဒေါက်တာလှသိန်းထွန်း၊ ဒေါက်တာဝါဝါဦးတို့၏ လျှောက်ထားချက်များ၊ ဆေးရုံဆိုင်ရာ ဆပ်ကော်မတီဝင်တို့၏ အားကြိုးမာန်တက်ဆောင်ရွက်နေပုံများ၊ ဆေးပဒေသာပင် အလှူရှင်တို့၏ ဒါနအလှူများအပြင် ပိဋကတ်ပါဠိတော်များ၌ လေ့လာရှာဖွေတွေ့ရှိထားသည့် ဆေးအလှူအကျိုး ၁၀ပါးနှင့် မြတ်ဗုဒ္ဓ မျက်မှောက်ခေတ်ဆေးအလှူရှင် ရဟန္တာမထေရ်ကြီးများ စသည်တို့ကို ဆက်လက် မှတ်တမ်းတင်ပါဦးမည်။

ယခုဤဆောင်းပါးကိုသော်မူ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အမှာစကားဖြင့် တစ်ပိုင်းတစ်ကန့် နားတန့်အပ်ပါသတည်း။

"သံဃာ့ဆေးရုံဖြစ်ပေါ်လာသည့်အတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ် အရှည်တည်တံ့အောင် စွမ်းဆောင်နေသည့် ဆရာတော်၊ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ပြီး ဒေသခံပြည်သူများ အနေဖြင့်လည်း ဗုဒ္ဓတရား၏အဆုံးအမများဖြင့် လမ်းကောင်းလမ်းမှန်ကို ခံယူနိုင်ကြ၍ မိမိအကျိုး၊ ရပ်ရွာအကျိုး၊ နိုင်ငံတော်အကျိုးကို လောက၊ ဓမ္မ နှစ်ဖက်မျှလျက် ကောင်းစွာဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း"။ ။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အကြိုလှုပ်ရှားမှု
ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် အာဟာရချက်ပြုတ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြိုလှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် အာဟာရသရုပ်ပြ ချက်ပြုတ်ပြိုင်ပွဲကို စက်တင်ဘာ ၄ရက် နံနက် ၉နာရီက လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး အကဲဖြတ်ဒိုင်အဖွဲ့ကိုယ်စား ဒေါက်တာဒေါ်ခင်သက်မြိုင်က ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ရန်ကုန်မြောက်ပိုင်း ခရိုင်အတွင်း မြို့နယ် ရှစ်မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ သရုပ်ပြချက်ပြုတ်ပြိုင်ပွဲဝင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက နို့တိုက်မိခင်အာဟာရသရုပ်ပြချက်ပြုတ်ပြိုင်ပွဲ၌ ပထမရရှိသော လှိုင်သာယာမြို့နယ်၊ ဒုတိယရရှိသော အင်းစိန်မြို့နယ်၊ တတိယရရှိသော မင်္ဂလာဒုံမြို့နယ်နှင့် နှစ်သိမ့်ဆုရရှိသော ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အားလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင် အာဟာရသရုပ်ပြချက်ပြုတ်ပြိုင်ပွဲတွင် ပထမရရှိသော လှည်းကူးမြို့နယ်၊ ဒုတိယရရှိသော မှော်ဘီမြို့နယ်၊ တတိယရရှိသော တိုက်ကြီးမြို့နယ်၊ နှစ်သိမ့်ဆုရရှိသော ထန်းတပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ပေးအပ်

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ မှ ဥက္ကဋ္ဌများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ ပိုးလောက်လမ်းစား ငါးများ အခမဲ့ဖြန့်ဝေပေးပွဲ ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် စက်တင်ဘာ ၇ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုက သပြေကုန်းရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးအား ပိုးလောက်လမ်းစား ငါးများပေးအပ်စဉ်။ (၂၅၉)

ဝန်ကြီးဦးစိုးသာ ဩစတြီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးစွာဆွေးနွေးခဲ့

နေပြည်တော် စက်တင်ဘာ ၁၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ စက်တင်ဘာ၆ရက်က ကျင်းပသည့် မြန်မာနိုင်ငံနှင့် OPEC Fund for International Development- OFID အဖွဲ့တို့ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သုံးဆယ်နှင့် ခပေါင်းရေလှောင်တမံတို့၏ ဆည်ရေပေးဝေရေး စီမံကိန်းများအတွက် ငွေချေးသဘောတူစာချုပ်ချုပ်ဆိုပွဲတက်ရောက်ခဲ့ပြီး ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဦးစိုးသာအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ရောက်ရှိစဉ် OPEC Fund for International Development -OFID ၏ ဂါဗာနာဘုတ်အဖွဲ့ဥက္ကဋ္ဌ H.E. Jamal Nasser Lootah ၊ ညွှန်ကြားရေးမှူးချုပ် Mr. Suleiman Jasir Al. Herbish နှင့် OFID Asia Division ညွှန်ကြားရေးမှူး Mr. I.Bukader တို့နှင့် တွေ့ဆုံ၍ ဝန်ကြီး ဦးစိုးသာက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှု၊ အထူးသဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားပြီး အိုပက်ရန်ပုံငွေအဖွဲ့နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များ၊ လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ပြန်လည်လိုက်ပါလာ

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသောလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် ဗဟန်း ကျိုက္ကဆံရပ်အနောက် မြင်းပြိုင်ကွင်းလမ်း အမှတ် ၁၈၃ နေ ဖခင်ကြီး ဦးထွန်းအောင် အားရည်စူး၍ ရွှေလဝင်းကဖီး မိသားစုက ငွေကျပ် နှစ်သိန်းကို ရွှေပြည်ဟိန်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာက လက်ခံယူစဉ်။ (၁၁၅)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် အတူ စာဖတ်ဝိုင်းအခမ်းအနားကို ဇူလိုင်၁၆ရက်က အမှတ်(၄)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သောသီချင်းများ

မဟာဂီတ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သံသာညိုးညင်း (သီချင်းခံ)
(ခ) မိုးပြာမှုန်ဝေ (ပတ်ပျိုး)
(ဂ) ရွှေပန်းပန်အစချီ (လေးထွေသံကတ်နှင့်မြင်းခင်း)
(ဃ) စိန်မြရုံခြယ် (မွန်)
(င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(စ) လွမ်းခလေ့ (ပတ်ပျိုး)
(ဆ) ခွာပြာသင်း (ပတ်ပျိုး)
(ဇ) တိမ်မှောင်မြေးကင်း (လောကနတ်)
(ဈ) ပဒုမ္မာကြာဆိုနည်း (အမျိုးသား)(ဧကပိုဒ်ရတု)
(ည) ရေးအိုင်ချင်း (အမျိုးသမီး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ရွှေယင်ပေါင်ငွေယင်ပေါင် (ပတ်ပျိုး)
(ခ) ဖြူပြာမှုရာ (ပတ်ပျိုး)
(ဂ) စုံသာမြိုင်လယ် (သီချင်းခံ)
(ဃ) တောတောင်စွယ် (ယိုးဒယား)
(င) နှင်းယွန်းဂိမှာန် (မွန်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဖန်ထွေလာ (မွန်)
(ခ) မြိုင်ခြေစုံသာ (ပတ်ပျိုး)
(ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၄။ အခြေခံပညာ(၁၅-၂၀)နှစ် (အမျိုးသား၊ အမျိုးသမီး)
(က) ရွှေတညာ (ယိုးဒယား)
(ခ) သူရကန် (ပတ်ပျိုး)
(ဂ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဃ) ပန်းညောင်လှိုင်ဖွဲ့ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀-၁၅)နှစ် (အမျိုးသား၊ အမျိုးသမီး)
(က) ပုံနှုန်းဝတီသာ (ကြိုး)
(ခ) မြိုင်ဟေမာ (ယိုးဒယား)
(ဂ) မြသိုင်ယံစိမ်းနု (ဘွဲ့)
(ဃ) အိုကြော့ဆုံးမယ် (ပတ်ပျိုး)

၆။ အခြေခံပညာ (၅-၁၀)နှစ် (အမျိုးသား၊ အမျိုးသမီး)
(က) သည်ဆောင်းဟေမန် (ဘွဲ့)
(ခ) စံရာဘုံမြင့် (ကြိုး)
(ဂ) ဆန်းဆန်းသဉ္ဇာကြာညောင် (ယိုးဒယား)
(ဃ) မြမန်းဂီရိ (ယိုးဒယား)

ကာလပေါ်တေး/ခေတ်ဟောင်းတေး

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား)
(က) ပတ္တမြားပလ္လင် ဂီတာစိမ်းမောင်
(ခ) စိမ့်ကြီးမြိုင်ကြီး ကိုအံ့ကြီး
(ဂ) ရပ်ကြီးသူ ဦးသိန်းကြွယ်
(ဃ) တောင်သမန် နန်းတော်ရှေ့ဆရာတင်
(င) ဘုံခမ္ဘာ ဥဩဘသောင်
(စ) ကျောင်းတော်ရာ ပြည်ဘရှင်
(ဆ) တေဘုမ္မာ မောင်မောင်ကြီး
(ဇ) ပန်းစုံတဲ့တော ခင်မောင်ရင်
(ဈ) ဗုဒ္ဓသာသနာရောင် ဥဩဘသောင်
(ည) မင်္ဂလာတော် ဥဩဘသောင်

၂။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသမီး)
(က) ဆယ့်နှစ်လရာသီ မေမေဝင်း
(ခ) မဟာတြိရတနာ ရီရီသန့်
(ဂ) သုံးရွှေ့လယ် ဒေါ်ကြည်အောင်
(ဃ) ဓာတ်တော်ဝေခန်း ဒေါ်ကြည်အောင်
(င) ဂီတအခြေခံ အဖွဲ့
(စ) ဇာတိအာဏာ စိန်ဂျွန်းခင်မေ
(ဆ) နွေဦးတေးသံ မေလှမြိုင်
(ဇ) ဝေဿန္တရာ ရီရီသန့်
(ဈ) ပျံသန်းရမည့်နေ့ စိန်စိန်မြိုင်
(ည) မိဘမေတ္တာ ဒေါ်ကြည်အောင်

၃။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား)
(က) ချစ်ရတုထံတျာ ကိုလေးမြင့်
(ခ) အောင်နိမိတ် ဒေါ်ကြည်အောင်
(ဂ) လူထဲကလူ ကိုမင်းသူ
(ဃ) ဗုဒ္ဓဂုဏ်ရည်ခြောက်ရောင်ခြည် ကိုမင်းနောင်
(င) စာဆိုစစ်သည် စန္ဒရားထွန်းညွန့်
(စ) ရွှေတိဂုံသမိုင်း ဒေါ်ကြည်အောင်

၄။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသမီး)
(က) အာရောဂျံ ဒေါ်ကြည်အောင်
(ခ) ညီလာခံ ဒေါ်ကြည်အောင်
(ဂ) ကထိန်သင်္ကန်း စိန်ပါတီ
(ဃ) ခမ္မစကြာ ဒေါ်ကြည်အောင်
(င) စိမ်းရောင်စို လေဘာတီမြရင်
(စ) စုံတောမြိုင် ဒေါ်ကြည်အောင်

၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
(က) တို့တောရွာ ဥဩဘသောင်
(ခ) ဂုဏ်တော်ဖွင့် ပြည်လှဖေ
(ဂ) တိမ်တမန် စန္ဒရားလှထွတ်
(ဃ) အမတမျိုးစေ့ စန္ဒရားခွန်တင်ကြွယ်

၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)
(က) မေတ္တာဟူသည် ထား
(ခ) လယ်တောသူ စိန်ပါတီ
(ဂ) ရွှေမိုးရယ်မှောင် တင်တင်မြ
(ဃ) ရတနာသုံးဆူ ရီရီသန့်

၇။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား)
(က) ဖူးပွင့်ဝေစီဆယ့်နှစ်ရာသီ ကိုသန်းလှိုင်
(ခ) စိန္တာမဏိ စောင်းဦးဘသန်း
(ဂ) မြန်မာ့ထောပတ် မြသက်မှူ
(ဃ) မြတ်ဒေသနာ သထုံဘသိန်း

၈။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသမီး)
(က) ပွဲကြိုက်မောင် ဒေါ်ကြည်အောင်
(ခ) သုဝဏ္ဏသာမ စိန်ပါတီ
(ဂ) ဇာတိန္ဒယ် ဒေါ်ကြည်အောင်
(ဃ) တေမိယ မေရှင်

၉။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား)
(က) အမေ့ပါးကသနပ်ခါး တွံတေးသိန်းတန်
(ခ) ဆုတောင်းပတ္ထနာ ကိုညွန့်လွင်
(ဂ) မိန်ရာသီ ကိုအံ့ကြီး
(ဃ) သုဝဏ္ဏသျှံ ပြည်လှဖေ

၁၀။ အခြေခံပညာ (၁၀-၁၅)အဆင့် (အမျိုးသမီး)
(က) ချစ်စရာ့ပန်း တင်တင်မြ
(ခ) ဓမ္မစက်တော် မြင့်မြင့်ရှိန်
(ဂ) မြန်မာ့ကြွေးကြော်သံ မေလှမြိုင်
(ဃ) ငါးဖြာအနန္တ တင်တင်မြ

၁၁။ အခြေခံပညာ (၅-၁၀)အဆင့် (အမျိုးသား)
(က) ဂီတဗိမာန် ကိုမြကြီး
(ခ) မဟာဇနက ဒေါ်ရင်ရင်
(ဂ) အညာတစ်ခေါက် ထွန်းထွန်းလေး
(ဃ) နီလစိန်ရောင်ခြည် ကိုမင်းနောင်

၁၂။ အခြေခံပညာ (၅-၁၀)အဆင့် (အမျိုးသမီး)
(က) သတိရစရာလေးများ အေဝမ်းတင်တင်လှ
(ခ) ဒိုးကလေး ညွန့်ညွန့်စိန်
(ဂ) မယ်ရွှေးလို့ဆင်ပါ့မယ် ထား
(ဃ) မေတ္တာ မြသက်မှူ

(ဆက်လက်ဖော်ပြပါမည်)

အမရပူရမြို့ သုဝဏ္ဏဂုဟာဝိလာသိနီသိမ်တော် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ဂူကြီးပုထိုးကျောက်စာပြာသာဒ် ရွှေထီးတော်တင်ရေစက်ချမင်္ဂလာ အခမ်းအနား တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်တင်လှူပူဇော်

နေပြည်တော် စက်တင်ဘာ ၁၀

သုဝဏ္ဏဂုဟာဝိလာသိနီသိမ်တော် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ဂူကြီးပုထိုး ကျောက်စာပြာသာဒ် ရွှေထီးတော်တင် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက် ၈နာရီ၄၅မိနစ်က အမရပူရမြို့နယ် တောင်သမန်အင်း အနောက်မြောက်ထောင့် ရွှေဂူကြီးကျောင်းတိုက်ခွဲရှိ သုဝဏ္ဏဂုဟာဝိလာသိနီသိမ်တော်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည်ညိုပြီး ရွှေထီးတော် တင်လှူပူဇော်သည်။

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများနှင့်တိုင်းမှူး၊ ဇနီးနှင့်ဧည့်ပရိသတ်တို့က နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဂူကြီးပုထိုးကျောက်စာပြာသာဒ်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယထံဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဂူကြီးပုထိုး ကျောက်စာပြာသာဒ်တွင် တင်လှူပူဇော်မည့် ရွှေပန်းခိုင်၊ ရွှေခေါင်းလောင်းနှင့် သာသနာ့အောင်လံတို့အား ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယထံဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီးတို့က ဂူကြီးပုထိုး ကျောက်စာ ပြာသာဒ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော် ဘုံအဆင့်ဆင့်အား မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသထံ ဆက်ကပ်လှူဒါန်းပြီး ရွှေဝါဝင်းကျောင်းဆရာတော်ကြီးက ရွှေထီးတော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်မြို့တော်ဝန်တို့က ဂူကြီးပုထိုးကျောက်စာပြာသာဒ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ရွှေထီးတော်တင်လှူရာတွင် အမှားအယွင်းများ ရှိပါက ခွင့်လွှတ်တော်မူကြပါရန် အခမ်းအနားမှူးက လျှောက်ထား တောင်းပန်ပြီး အခမ်းအနား ပထမပိုင်းကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ သိမ်ဆင်းလောင်းလှူခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယအမှူးပြုသော ဆရာတော်များအား တိုင်းမှူးနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်ပရိသတ်များက ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ အမှူးပြုသောဆရာတော်များအားလှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများကို သိမ်ဆင်းဆက်ကပ် လောင်းလှူကြသည်။

လှည့်လည်ပူဇော်

ဆက်လက်၍ ရွှေထီးတော်တင်လှူခြင်း အခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က စိန်ဖူးတော်ကိုလည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ရွှေကြာပန်းခိုင်ကိုလည်းကောင်း၊ မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာက ရွှေကြာပန်းခိုင်နှင့် ဆည်းလည်းတို့ကိုလည်းကောင်း၊ ရွှေထီးတော် ဘုံအဆင့်ဆင့်ကို တာဝန်ရှိသူတို့က အသီးသီး ပင့်ဆောင်ကြပြီး ရွှေထီးတော်တင်လှူပူဇော်မည့် ဂူကြီးပုထိုးကျောက်စာပြာသာဒ်အား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ဂူကြီးပုထိုး ကျောက်စာ ပြာသာဒ်အထွတ်သို့ မင်္ဂလာလမ်းအတိုင်း ပင့်ဆောင်နေရာယူကြသည်။

ဆက်လက်၍ မင်္ဂလာအချိန် နံနက် ၉နာရီ မိနစ် ၂၀ ကျရောက်သည်နှင့် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရွှေထီးတော်ဘုံ အဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် သာသနာ့အောင်လံတို့ကို တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

အဆိုပါ အချိန်တွင် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ အမှူးပြုသောဆရာတော်များကဇယန္တောဇောဓိယာမူလေ အောင်ဂါထာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

တင်လှူပူဇော်

ထို့နောက် ရွှေထီးတော်တင်လှူ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ ရွှေထီးတော် တင်လှူပူဇော်ခြင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရေစက်ချမင်္ဂလာ

ဆက်လက်၍ သုဝဏ္ဏဂုဟာဝိလာသိနီသိမ်တော် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ဂူကြီးပုထိုးကျောက်စာ ပြာသာဒ် ရွှေထီးတော်တင် ရေစက်ချမင်္ဂလာ အခမ်းအနားကို အမရပူရမြို့ ရွှေကူကြီးကျောင်းတိုက်ဓမ္မာရုံတွင်ကျင်းပရာ တိုင်းမှူးနှင့် ဇနီးတို့က ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြို့တော်ဝန်နှင့်ဇနီးတို့က မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသာသနာဘိဝံသထံသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က သုဝဏ္ဏဂုဟာဝိလာသိနီသိမ်တော် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ဂူကြီးပုထိုး ကျောက်စာပြာသာဒ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ရွှေကူကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩသထံဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသထံမှ တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး၊ ဧည့်ပရိသတ်အပေါင်းတို့က အနုမောဒနာနှင့် ရေစက်ချတရားနာယူကြပြီး **(အပေါ်ဝဲပုံ)** လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့် ဇနီးတို့က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့လှူဒါန်းခဲ့သော သုဝဏ္ဏဂုဟာဝိလာသိနီ သိမ်တော်ပြန်လည်ပြုပြင်မွမ်းမံ ဆောက်လုပ်လှူဒါန်းရာတွင် ငွေကျပ် ၁၄၁ ဒသမ ၆၁သိန်းနှင့် ဂူကြီးပုထိုးကျောက်စာပြန်လည်ပြုပြင်မွမ်းမံရာတွင် ငွေကျပ် ၃၇ဒသမ၀၈ သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၈ ဒသမ၆၉သိန်းရှိပြီး အလှူရှင် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ သမီး ခင်အင်ကြင်းမိသားစုက အမှူးပြု၍ မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းများက ပြုပြင်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၂၈(A) အောင်ဇေယျ ၇ လမ်း ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏနေ EASTWIND SHIPMANAGEMENT Co., Ltd. ပိုင် MV. ANNAPURNA မှ Capt-Nyi Nyi နှင့် သင်္ဘောသားများက ငွေကျပ် လေးသိန်းနှစ်သောင်းရှစ်ထောင့်လေးရာကို ဘဏ္ဍာရေးမှူး ကပ္ပတိန် ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တာမွေမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)နှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကိုယမန်နေ့ နံနက်၉နာရီက တာမွေမြို့နယ်အသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အသင်း အတွင်းရေးမှူး ဦးဇော်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မှူး ဦးဉာဏ်ဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေနှင့် အလုပ် အမှုဆောင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက် စည်းရုံးရေးမှူးများ၊ အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်က အမှာစကားပြောကြားပြီး အမှတ် ၄၇၊၁၆၅လမ်း တာမွေကြီး(ခ) ရပ်ကွက်နေ ဦးကျော်ဝင်း-သီရိသုခမ္မသီဂီ ဒေါ်ခင် ဆွေဦးမိသားစုက ငွေကျပ် ၁၂သိန်း တန်ဖိုးရှိ ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများ လှူဒါန်းပြီး **(အောက်ပုံ)** အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိ မြို့နယ်အသင်း အတွင်းရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းဆွေက အမှာစကား ပြောကြားပြီး ရေးရာတာဝန်ခံ မြို့နယ် အလုပ်အမှုဆောင်များက ရေးရာအလိုက် နှစ်ပတ်လည်အစီရင်ခံစာများ ဖတ်ကြားတင်သွင်းကာရပ်ကွက်စည်းရုံးရေးမှူးများက ထောက်ခံဆွေးနွေးကြသည်။ (က-ပ)

မန္တလေးဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင်ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် ရန် ကုန် တိုင်း လမ်းမတော်မြို့နယ် ညောင်ပင်လေး ပလာဇာနေ ဒေါ်ခင်အေးဝင်းနှင့်ဓမ္မမိတ်ဆွေများ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းငွေကျပ် ၃၅၅၅၀၀ကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဦးနန္ဒဝံသနှင့် အတွင်းရေးမှူးဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်၌ လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ကုန္တာ၇လမ်း အမှတ် ၁၁၀၃နေ ဦးခင်မောင်မြင့်-ဒေါ်သင်းသင်းဆွေ၊ သမီး ခင်စန္ဒီဆွေ မိသားစုက ဒဂုံမြို့နယ် အမှတ်၁၂ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက ကျောင်းတော် ဆွမ်း ပဒေသာပင်အတွက် အလှူငွေကျပ်သုံးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လိုင်စင်မဲ့ဆိုင်ကယ်များစီးခြင်း၊ နှစ်ယောက်စီးနင်းခြင်းများ မရှိစေရေး

ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စစ်ဒေသနှင့်တပ်နယ်များမှ ထိရောက်စွာ ဖမ်းဆီးအရေးယူ

မြို့တွင်းပြေးဆွဲနေသော ယာဉ်လိုင်းများ အရွယ်ရောက်ပြီး ယာဉ်နောက်လိုက်များအသုံးပြု

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၈ရက် ညနေ ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း **(အပေါ်ပုံ)** တက်ရောက်၍ အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင်း၌ မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် လိုင်စင်မဲ့ဆိုင်ကယ်များစီးခြင်း၊ နှစ်ယောက်စီးနင်းခြင်းများ မရှိစေရေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စစ်ဒေသများ၊ တပ်နယ်များမှ ထိရောက်စွာ ဖမ်းဆီးအရေးယူသွားရန်နှင့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးနိုင်ရေး ရန်ကုန်မြို့ အဝင်ဂိတ်ခြောက်ဂိတ်တွင် CCTV ဖြင့် ရိုက်ကူးထားရုံသာမက ဓာတ်ပုံရိုက်မှတ်တမ်းတင်၍ ယာဉ်အမျိုးအစား၊ ယာဉ်နံပါတ်တို့နှင့် တိုက်ဆိုင်စစ်ဆေးဖော်ထုတ်သွားရန်၊ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ယာဉ်လိုင်းများတွင် ယာဉ်နောက်လိုက်များအား အရွယ်ရောက်ပြီးသူများကိုသာ အသုံးပြုသွားရန်၊ ရန်ကုန်မြို့တွင်း ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး အထူးဇုန်များမှ ဟင်းသီးဟင်းရွက်များအား ဈေးကားများစီစဉ်၍ အခွန်လွတ်ဈေးများသို့ လွယ်ကူစွာ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ (အမဲ၊ ဝက်၊ ဆိတ်) အသားများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့တော်စည်ပင်မှ လိုင်စင်ဖြင့် ရောင်းချခြင်းသာမက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့တွင်း အခွန်လွတ်ဈေးများတွင် သက်သာစွာ ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်၊ ရန်ကုန်မြို့တွင်း မီးပွိုင့်များအား Solar System ဖြင့် ပြောင်းလဲ ဆောင်ရွက်လျက်ရှိရုံသာမက မီးပွိုင့်ပြင်ဆင်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားပြီး မီးပွိုင့်များပျက်လျှင် အမြန်ပြင်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ သန်လျင်တံတား ချဉ်းကပ်လမ်းနှစ်ဖက်တွင် ပျက်စီးနေသည့် လမ်းပိုင်းများအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရန်၊ ရထားစီးခရီးသည်များပြားလာသည့်အတွက် ဘူတာများတွင် ရထားရပ်ချိန်နှင့် ခရီးသည်အတက်အဆင်း အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်သွားရန်၊ တက္ကသိုလ်ကောလိပ်များမှ စာမေးပွဲဖြေဆိုမည့် အချိန်ဇယားများ ကြိုတင်ပေးပို့ထားပြီးဖြစ်သည့်အတွက် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်သွားကြရန်တို့ကို ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ် ကြို/ပို့ ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်ရာ တောင်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၂ရက်က တောင်ဥက္ကလာပမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်း၌ ကျင်းပစဉ်။ (က-ပ)

လစဉ်ဆန်၊ ဆီ တတ်စွမ်းသမျှ လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေတွင် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်က ကြီးမှူး၍ သံဃာတော်သာမဏေ အပါး ၄၀၊ သီလရှင် ၁၃ပါး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ ဆရာမ ၂၉ဦး၊ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၅၇၇ဦးနှင့် သာသနိက အဆောက်အအုံအလုပ်သမားများ၊ ဘုရားဖူးများကို နေ့စဉ် သက်သတ်လွတ်ဆွမ်း၊ ဆွမ်းဟင်းဆက်ကပ်၊ စတုဒိသာ ကျွေးမွေးလှူဒါန်းလျက်ရှိရာ လစဉ် ဆန်အိတ်၁၀၀၊ ဆီပိဿာ၅၀ကုန်ကျသဖြင့် လစဉ်ဆန်တစ်အိတ် သို့မဟုတ် ဆီတစ်ပိဿာ သို့မဟုတ် မိမိတတ်စွမ်းသမျှ လှူဒါန်းထောက်ပံ့လိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း-၀၉-၅၁-၃၉၈၄၅၊ ဦးမြင့်စိုး ဖုန်း-၆၆၂၃၂၈၊ ဦးစံဦး ဖုန်း-၀၉-၅၀-၁၇၈၈၇၊ ဦးစိုးဝင်း ဖုန်း-၆၄၃၈၂၆၊ ဦးကျော်လွင် (မြောက်ဥက္ကလာပ) ဖုန်း-၆၉၀၃၁၉၊ ဦးကျော်ဝင်း (အင်းစိန်)ဖုန်း-၆၄၂၆၂၅၊ ဒေါ်ထက်ထက်အေး(သင်္ဃန်းကျွန်း) ဖုန်း-၅၇၉၈၀၅၊ ဒေါ်ခင်မိုးလွင်(စမ်းချောင်း) ဖုန်း-၅၀၃၉၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ရွှေနှင်းဆီလမ်းသွယ် (၇) အမှတ် ၃၅၆နေ သ ရုပ် ဆောင် ကိုဇော်ရဲထက် မွေးနေ့ အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အေးဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါရဂူဗိုလ်မှူးကြီးမျိုးညွှန့်တို့က လက်ခံယူစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၃ရပ်ကွက် ဘုရင့်နောင်လမ်းနေ အစ်မ ဒေါ်ပို၊ တူမ သမီးမအေးအေးသင်းတို့အား ရည်စူး၍ ဒေါ်သန်း၊ တူ- ဦးတင်ယု၊ မြေးမောင်ဟိန်းထက်ဇော်၊ မဖြူဖြူသန့်ကို မိသားစုတို့က အထွေထွေ ပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မှန်ကျောင်းဆရာတော်၏ ဝိဇာတမင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ၏ သက်တော်(၇၈)နှစ်ပြည့် ဝိဇာတမင်္ဂလာအခမ်းအနားတွင် မှန်ကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်၌ကျင်းပသော မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ၏ သက်တော်(၇၈)နှစ်ပြည့် ဝိဇာတမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး မှန်ကျောင်းဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပိဋကတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဓဇ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပိဋကတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဓဇထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များချီးမြှင့်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်များက မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာဇောတနှင့် ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတက ရေစက်ချအနုမောဒနာ တရားချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။**(သတင်းစဉ်)**

● **ကျောဖုံးမှ**

စိုက်ပျိုးကြမည့် ကြံတောင်သူများနှင့် တပ်ရင်းတပ်ဖွဲ့များအား နေပြည်တော်တိုင်း စစ်ဌာနချုပ်အစီအစဉ်ဖြင့် ဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်က နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော ဆင်းရွှေလီကြံကို တိုးချဲ့စိုက်ပျိုးရန်၊ သီးနှံများတစ်ဧကအထွက်နှုန်း တိုးတက်စေရန်အတွက် မျိုးကြံများ ဖြန့်ဖြူးပေးရုံသာမက စိုက်နည်းစနစ်၏ သော့ချက်များကိုပါ ကြံတောင်သူများအား ပညာပေးစိုက်ပျိုးပြသရန်၊ လိုအပ်သည့် ကူညီပံ့ပိုးမှုများကို စိုက်ပျိုးခဲ့သည့် အတွေ့အကြုံပေါ် မူတည်၍ ဆောင်ရွက်ပေးကြရန် မှာကြားပြီး ဆင်းရွှေလီကြံကို စိုက်ပျိုးကြမည့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အထွက်တိုးမျိုးကောင်းကို ရွေးချယ်စိုက်ပျိုးသကဲ့သို့ စိုက်နည်းစနစ် မှန်ကန်စနစ်ကျရန် လိုအပ်ကြောင်းနှင့် ဒေသတွင်းရရှိနိုင်သည့် သဘာဝမြေသြဇာကို အဓိက အသုံးပြုနိုင်ကြောင်းရှင်းလင်းပြောကြားအားပေးသည်။

ရည်မှန်းချက်ထားရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် အဖွဲ့သည် ညနေ၃နာရီခွဲတွင် ကျောင်းစုကျေးရွာအနီးရှိ နယ်မြေခံတပ်သို့ရောက်ရှိရာ ဆင်းရွှေလီကြံ စံပြသုတေသနစိုက်ခင်း ကြီးကြပ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးခင်မောင်ဦးက နေပြည်တော် ပျဉ်းမနားဒေသသည် ကြံအထူးဖြစ်ထွန်းရာ ဒေသဖြစ်သည်နှင့်အညီ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ပြီး အထူးအထွက်တိုးစေမည့် ဆင်းရွှေလီကြံကို စံပြသုတေသန၁၀ဧကဖြင့် ရှေ့ပြေးစမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ ပင်ပွားနှုန်းများ ပျမ်းမျှ ၁၀ပင်ခန့်နှင့် အမြင့်နှင့် လုံးပတ်များလည်း စံချိန်မီလျက်ရှိသဖြင့် ကျွမ်းကျင်သူများ၏ စစ်ဆေးစမ်းသပ်မှုအရ တစ်ဧက ပျမ်းမျှ တန် ၅၀ မူလရည်မှန်းချက်ထက် ကျော်နိုင်မည်ဖြစ်ကြောင်း၊ နယ်မြေခံလူထုနှင့် တပ်ရင်း၊ တပ်ဖွဲ့များကလည်း မျိုးကြံများ ရယူစိုက်ပျိုးစီစဉ်လျက်ရှိသဖြင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်၏ အစီအစဉ်ဖြင့် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်က ဒေသခံလူထုအား ဝင်ငွေတိုးပွားစေရေး၊ ကြံတောင်သူများဘဝ မြင့်မားစေရေး အတွက် တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးကြရန် တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တစ်ပိုင်တစ်နိုင် ရည်မှန်းချက်ထားရှိပြီး အောင်မြင်အောင် စံပြစိုက်ပျိုးအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် တပ်ကုန်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းက စိုက်ပျိုးထားရှိသော ဆင်းရွှေလီကြံတစ်ဧက ပျမ်းမျှ တန် ၅၀ စံပြသုတေသန စိုက်ခင်း ၁၀ ဧကသို့ သွားရောက်၍ အဆိုပါ စိုက်ခင်းမှ မျိုးရယူစိုက်ပျိုးကြမည့် ကြံတောင်သူများ၊ တပ်ရင်းတပ်ဖွဲ့များမှ တာဝန်ခံများနှင့် တွေ့ဆုံပြီး နိုင်ငံတော် အကြီးအကဲ၏ သီးနှံတစ်ဧက အထွက်နှုန်းတိုးတက်ရေး လုပ်ဆောင်ရမည့် အချက်ကြီး လေးချက် ဖြစ်သည့် မျိုးကောင်းမျိုးသန့် ပြောင်းလဲအသုံးပြုရန် သိပ္ပံနည်းကျ ခေတ်မီစိုက်နည်းစနစ် ပြောင်းလဲ ကျင့်သုံးရန် သဘာဝ မြေသြဇာနှင့် ဓာတ်မြေသြဇာကို အချိုးကျ ထိရောက်စွာ အသုံးပြုရန်၊ အချိန်ကိုက် ရေတော်မီးတော် စိုက်ပျိုးရန်နှင့် အလေအလွင့် ဆုံးရှုံးမှုနည်းရန် ဂရုပြုရေးတို့ကို မှာကြားသည်။

ရှင်သန်ဖြစ်ထွန်းလျက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်သည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြသုတေသနစိုက်ခင်းကိုလည်းကောင်း၊ အဆိုပါစိုက်ခင်းမှ ကြံမျိုးခုတ်ယူပြီး ပြန်လည်ရှင်သန်လျက်ရှိသောလမိုင်းစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အသစ်ထပ်မံတိုးချဲ့ စိုက်ပျိုးလျက်ရှိသောကေ၁၀၀စိုက်ခင်းတွင် ရှင်သန်ဖြစ်ထွန်းလျက်ရှိသည့် စိုက်ကွက်၂၅ဧကကို ဒေသခံကြံတောင်သူများနှင့် ကြည့်ရှုအားပေးသည်။

နေပြည်တော်တိုင်း စစ်ဌာနချုပ်နယ်မြေရှိ တပ်ကုန်းတပ်နယ်နှင့် တောင်ညိုတပ်နယ်တို့အတွင်းတွင် ရှေ့ပြေးစမ်းသပ်စိုက်ပျိုးခဲ့သော ဆင်းရွှေလီကြံ တစ်ဧကပျမ်းမျှ တန် ၅၀ စံပြသုတေသန စိုက်ခင်း ဧက ၃၀ မှ ကြံတန်ချိန် ၁၅၀၀ မှ ၂၀၀၀ အထိ ထွက်ရှိနိုင်မည်ဖြစ်ပြီး စိုက်ပျိုးလိုသော ကြံတောင်သူများအား ကြံမျိုးနှင့် စိုက်နည်းစနစ်များကို ဖြန့်ဝေပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာမြို့ မြေနဲ–ဗောဓိတစ်ထောင် ကတ္တရာလမ်းအဆင့်မြှင့်တင် အရည်အသွေးကောင်းမွန်ပြီး လမ်းပေါ်ရေမတင်စေရေးဂရုစိုက်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့နှင့် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများအား စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမတွင်တွေ့ဆုံရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက် မှာကြားသည်။ ထို့နောက် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမြစိုးနှင့် အင်ဂျင်နီယာမှူး ဦးစိုးစိုးဦးတို့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

တိုးချဲ့ဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကန်သာယာအပန်းဖြေစခန်း၊ မြို့ရေပေးရေး ဆောင်ရွက်နေသည့် ရေစုကန်၊ ရေစက်ရုံများတွင် ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ရေမီတာတပ်ဆင်သုံးစွဲရေးနှင့် အများသုံးရေတိုင်များ တိုးချဲ့ဆောင်ရွက်ပေးရေးတို့ကိုမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အဖွဲ့ပိုင် ပျိုးဥယျာဉ်၊ ယာဉ်ပြင်အလုပ်ရုံနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီးအောင်မင်္ဂလာရပ်ကွက်အတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိသည့် အောင်မင်္ဂလာ ၃လမ်းနှင့်မာဃလမ်းကတ္တရာခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လမ်းအရည်အသွေးကောင်းမွန်ရေးတို့ ဆောင်ရွက်ရန်မှာကြားသည်။ အဆိုပါ အောင်မင်္ဂလာ ၃လမ်းမှာ အလျား ၁၃၈၅ပေ၊ အကျယ် ၁၈ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၀၀၀၀၀၀ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၈၃၀၀၀၀တို့ဖြင့်လည်းကောင်း၊ မာဃလမ်းမှာ အလျားပေ ၁၀၆၀၊ အကျယ် ၁၇ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၉၀၀၀၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၉၃၀၀၀၀ တို့ဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးသည် မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မော်တော်ယာဉ်ရပ်နားစခန်း အဆင့်မြှင့်တည်ဆောက်နေမှုကို စစ်ဆေးကြည့်ရှုပြီး အမှုဆောင်အရာရှိက တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားပြီး အဆောက်အအုံများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆည်ကြီးတောကျေးရွာ ကျေးလက်စက်ရေတွင်းမှ ကျေးရွာလူထုအား ရေဖြန့်ဝေပေးနေမှု၊ စက်များ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ မှာကြားပြီး ကျေးရွာလူထုအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြေနဲ–ဗောဓိတစ်ထောင် ကျေးလက်ကတ္တရာလမ်းကို အဆင့်မြှင့်ဆောင်ရွက်နေမှုကို စစ်ဆေးပြီး ခတ္တာကန်(တောင်) ရွာအဝင် ကတ္တရာလမ်းအား မူလ၁၈ ပေ အကျယ်မှ ၂၄ပေအကျယ် တိုးချဲ့ဖောက်လုပ်မှုနှင့် ကတ္တရာထပ်ပိုးလွှာခင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လမ်းအရည်အသွေးကောင်းမွန်ရေး၊ လမ်းပေါ် ရေမတင်စေရေး၊ လမ်းပခုံးများအား ဖြည့်ဖို့သိပ်ပေးရေးတို့ကို ဂရုစိုက်ဆောင်ရွက်ပေးရန် မှာကြားသည်။ အဆိုပါ ကျေးလက်လမ်းမှာ အရှည်ပေ ၃၈၀၀၊ အကျယ် ၁၈ပေမှ ၂၄ ပေသို့ တိုးချဲ့ ဖောက်လုပ်နေခြင်းဖြစ်ပြီး ၂၀၀၇–၂၀၀၈ ခုနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြကန်သာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်၌ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၀

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် မြကန်သာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ရက်က အဆိုပါစာကြည့်တိုက်တွင်ကျင်းပသည်။

ဖွင့်ပွဲ

အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

မြကန်သာစာကြည့်တိုက်သို့ စေတနာရှင် ရပ်မိရပ်ဖများက စာအုပ်များနှင့် ငွေကျပ် ၈၈၇၅၀၀ လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်သက်သက်ဝါက လက်ခံယူခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာအဖွဲ့ကကြီးမှူး၍ "Refresher Course-2007 "သင်တန်းကို စက်တင်ဘာ ၁၅ ရက် (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ သင်တန်းပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များနှင့် ဆေးကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

11-9 (08) 1 9/11/07, 1:17 AM

ပြည်သူများ လုပ်ထုံးလုပ်နည်းသဘောပေါက်အောင် ပြောဆိုစည်းရုံး ဝန်ထမ်းများ နိုင်ငံတော်အပေါ်သစ္စာရှိ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၈ ရက် နေ့လယ်ပိုင်းတွင် မကွေးတိုင်း ချောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုအရှိန်အဟုန်မြင့်မားစေရန် အတွက် ထိရောက်ထက်မြက်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန် မှာကြားသည်။

ရိုးဖြောင့်မှန်ကန်စွာဆောင်ရွက်

ဆက်လက်၍ဝန်ကြီးသည် ချောက်မြို့နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများကိုတွေ့ဆုံရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားသတ်မှတ်ချက်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဌာနနှင့်ဆက်သွယ်သူ ပြည်သူများကို လုပ်ထုံးလုပ်နည်းများ၊ အခြေခံသတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရေး ပြောဆိုစည်းရုံးသွားရန်၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိစွာ၊ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ညောင်ဦးခရိုင် မြန်မာ့စီးပွားရေးဘဏ် အစည်းအဝေးခန်းမတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံအမှာစကားပြောကြားသည်။ အခမ်းအနားတွင် အစီအစဉ်အရ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာနတို့မှ ခရိုင်အဆင့် တာဝန်ရှိသူများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြကြသည်။

အလေးအနက်ထား

ဆက်လက်၍ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် ကိုယ်စီလုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်ပြီး နိုင်ငံတော်အတွက် စိတ်စေတနာကောင်းဖြင့် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသည့် ဌာနကြီးဖြစ်သဖြင့် ဥပဒေနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ဒေသခံပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တတ်အားသမျှ ဝိုင်းဝန်းပံ့ပိုးကြရန်လိုအပ်ကြောင်း၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များသည် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် ဒေသခံပြည်သူများ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ ရသင့်ရထိုက်သည့် အခွန်ငွေများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ၏ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများ မြန်ဆန်ချောမွေ့စေရေးအတွက် အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လွင်မိုး-ဒေါ်မေသူ မိသားစုက သမီးငယ် ယွန်းနန္ဒီလွင်မိုး၏ မွေးနေ့ကောင်းမှုအဖြစ် ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အတွက် လစဉ် စုဆောင်းလှူဒါန်းငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသီရိ လင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ညောင်ဦးခရိုင် မြန်မာ့စီးပွားရေးဘဏ် အစည်းအဝေး ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဘဒ္ဒန္တ ဝေပုလ္လဗုဒ္ဓစာပေဆုအတွက် ကျမ်းစာအုပ်များ ပေးပို့နိုင်ပြီ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း မဟာသာသနဝေပုလ္လကျောင်းမှ ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လက နောင်လာနောက်သား သံဃာတော်များအတွက် ပရိယတ္တိစာပေ ပညာအရည်အချင်းမြှင့်တင်ရေးအတွက် လည်းကောင်း၊ အနာဂတ်မြန်မာကျောင်းသားများ ပညာရေးတိုးတက်မြင့်မားရေးအတွက်လည်းကောင်း ရည်ရွယ်၍ ဘဒ္ဒန္တ ဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ငွေကျပ် သိန်းတစ်ရာကျော် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ပြီး ဖြစ်သည်။

ဗုဒ္ဓစာပေဆုများကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၃၁ ရက်အတွင်း (ပထမအကြိမ်)အဖြစ် ထုတ်ဝေပြီးသော ထေရဝါဒ ဗုဒ္ဓဘာသာ ကျမ်းစာအုပ်များမှ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာကျမ်းစာအုပ်များကို တစ်မျိုးလျှင် နှစ်အုပ်ကျစီအား ပဓာန နာယကဆရာတော် ဦးဓမ္မတိဏ္ဏ မဟာသာသနဝေပုလ္လကျောင်းတိုက် မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၀၁-၃၈၀၈၆၃ သို့ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မုခ်ဦးသံတံခါးများ ရေစက်ချလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြည်ကြီးချမ်းသာ မဟာစေတီ (မြို့ဦးစေတီ) သန္တိသုခဓမ္မာရုံကြီးတွင် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက ငွေကျပ် ၂၅ သိန်းတန် မုခ်ဦးတံခါးနှင့် စနေထောင့်တွင် ချိတ်ဆွဲလှူဒါန်းခဲ့သော အမြင့် ၃ ပေ ၆ လက်မ ကြေးပိသာ အလေးချိန် ၁၉၃ ပိဿာ တန်ဖိုးကျပ် ၃၅ သိန်းတန်ဖိုးရှိ ကြေးခေါင်းလောင်း လှူဒါန်းမှုအစုစုအတွက် အလှူရှင် ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၀ ရပ်ကွက်နေ ဦးအောင်သိန်း-ဒေါ်စိန်စိန်မြင့် (ရောဝဏ် သစ်စက်)က ရေစက်ချလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်များထံမှ နဝင်္ဂသီလများခံယူပြီး အလှူရှင် ဦးအောင်သိန်း-ဒေါ်စိန်စိန်မြင့် (ရောဝဏ် သစ်စက်)တို့က သံတံခါးများ တည်ဆောက်နေမှုဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းပေးပြီး ဥက္ကဋ္ဌက အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက် ဆရာတော်ကြီးများက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

NLD နှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ တိုက်ကြီးမြို့နယ်နှင့်နေပြည်တော် ပျဉ်းမနားတို့မှ ပါတီဝင် ခြောက်ဦး နုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမျိုးငြိမ်း၊ ဦးလှဝင်း၊ ဦးသက်မောင်စိုး၊ ဦးသန်းဇော်နှင့် ဦးဝင်းနိုင်တို့သည် ဩဂုတ် ၂၉ ရက်တွင် လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးညီညီလွင်(ခ)ဦးဘိုဘိုသည် ဩဂုတ် ၃၀ ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ယုံကြည်အားထားမှုမရှိ

တိုက်ကြီးမြို့နယ်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁၅-၉-၂၀၀၇ မှ ၂၁-၉-၂၀၀၇)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၆ လမှ ၅ နှစ်အရွယ် ကလေးများကို အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

အမျိုးသမီးများ သံဓာတ်အားဆေး မှီဝဲပါ။

ကလေးအသက် ၆ လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာ စားပါ။

အသက် ၂ နှစ်မှ ၅ နှစ်အောက် ကလေးများနှင့် မူလတန်းအရွယ်ကလေးများအား ၆ လတစ်ကြိမ် သန်ချဆေးတိုက်ပါ။

ကိုယ်ဝန် ၃ လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။

unicef

✱ ကျောဖုံးမှ

ထို့နောက် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲမြင့်ထွန်းက အသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ၂၀၀၆-၂၀၀၇ ခုနှစ် ပဲခူးမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် စည်းရုံးရေး ထူးချွန်ဆု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ရပ်ကွက်၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပညာရည်ထူးချွန်ဆုရ ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ငါးဦးအား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ပဲခူးတိုင်း ကဝမြို့နယ်ခန်းမ၌ ကျင်းပသော ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇)သို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးနိုင်က တစ်နှစ်တာအတွင်း အသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရင်းနှီးစွာနှုတ်ဆက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ သုံးဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ လေးဦးနှင့် အသင်း၏ စည်းရုံးရေး ထူးချွန်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျေးရွာအုပ်စု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအား ဆုများချီးမြှင့်ပေးပြီး သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်လာသော အသင်းသား အသင်းသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇) သို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဖိုးဇော်က အသင်း၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးနှင့် တိုင်းအဆင့် သချ်ာအိုလံပစ်ပြိုင်ပွဲ တတိယဆုရရှိသူ တစ်ဦး၊ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တိုင်းအဆင့် ပထမရရှိသူတစ်ဦးနှင့် အင်္ဂလိပ်စာ ပထမရရှိသူတစ်ဦး၊ အဆို၊ အက၊ အရေး၊ အတီး မယ်ဒလင်ပြိုင်ပွဲတွင် ပထမဆုရရှိသူတို့အား ဆုများချီးမြှင့်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်လာသော အသင်းသူ အသင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ၂၀၀၆-၂၀၀၇ ခုနှစ် ကဝမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူ ကျောင်းသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရထား)

အီရတ်မှ တပ်ဖွဲ့ဝင်များ လျှော့ချရန် အမေရိကန်အရာရှိဟောင်းများ တိုက်တွန်း

ဝါရှင်တန် စက်တင်ဘာ ၁၀

အမေရိကန်စစ်ဘက် အငြိမ်းစား အရာရှိကြီးများနှင့် ရဲတပ်ဖွဲ့ အငြိမ်းစား အရာရှိများက အမေရိကန်နိုင်ငံ၏ ပုံရိပ် နိုင်ငံတကာအလယ်တွင် ပြယုဂ်ကောင်းမွန်လာစေရေးအတွက် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ လျှော့ချရန် စက်တင်ဘာ ၆ ရက်က အမေရိကန်ကွန်ဂရက်အား စာရေးသား၍ တိုက်တွန်းလိုက်သည်။

အဖွဲ့ဝင် ၂၀ ပါရှိသော လွတ်လပ်သည့် အဆိုပါအဖွဲ့က အမေရိကန်တပ်ဖွဲ့ဝင်များအား ကျူးကျော်သိမ်းပိုက်သော တပ်ဖွဲ့ဝင်များအဖြစ် ထင်မှတ်နေသော ပုံရိပ်ကို အမြင်ကြည်စေရန် တပ်ဖွဲ့ဝင်များ လျှော့ချသင့်သည်ဟု ၎င်းတို့က ရေးသားထားသည်။

အီရတ်နိုင်ငံတွင် တည်ငြိမ်မှုများ ရရှိစေရန် အမေရိကန် ဆီးနိတ်၏ စစ်ဘက်ဆိုင်ရာ ကော်မတီက ဆောင်ရွက် ပေးသင့်ကြောင်းလည်း ၎င်းတို့က အကြံပြုထားသည်။

အဆိုပါအဖွဲ့က အမေရိကန် ကွန်ဂရက်သို့ အကြံပြုတိုက်တွန်းထားသော စာမှာ စုစုပေါင်း ၃၇မျက်နှာရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ဟေဘေးပြည်နယ် စီချွမ်မြို့နှင့် ရှန်ဟိုင်းမြို့တို့ကို သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းထားရှိမှုအား စက်တင်ဘာ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သွေးလွန်တုပ်ကွေးရောဂါ ကမ္ဘောဒီးယား၌ ဖြစ်ပွားမှုလျော့နည်းကျဆင်း

ဖနောင်ပင် စက်တင်ဘာ ၁၀

ကမ္ဘောဒီးယားနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ မကြာမီ အချိန်ကပင် လျော့နည်းကျဆင်းသွားကြောင်း၊ ယင်းမှာ ကမ္ဘောဒီးယားအစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းကာ အင်ပြည့်အားပြည့်တိုက်ဖျက်ခဲ့ကြခြင်း ကြောင့်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက စက်တင်ဘာ ၈ရက်၌ ဖော်ပြသည်။

ဖော်ပြ

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်အစောပိုင်းကာလက သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ သီတင်းတစ်ပတ်လျှင် ၁၀၀၀ခန့်ရှိနေရာမှ ယခုအခါ ၃၀၀ခန့်အထိ ကျဆင်းသွားကြောင်း တရုတ်ဘာသာနှင့်ထုတ်ဝေသော ကော်မာရှယ်ဒေးလီး သတင်းစာ၌ ဖော်ပြသည်။

ဆောင်ရွက်

ကမ္ဘောဒီးယားအစိုးရနှင့် ဒေသခံပြည်သူတို့အပြင် နိုင်ငံခြားမှ အကူအညီ ပေးရေးအဖွဲ့အစည်းများက ဒေသခံပြည်သူတို့နှင့် ပူးပေါင်းကာ နေရာဒေသအနှံ့ အပြားတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ခြင်နှိမ်နင်းရေးဆောင်ရွက် ခဲ့ကြကြောင်း အဆိုပါသတင်းစာက ဖော်ပြသည်။

ယခုနှစ်များအတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် ၃၅၀၀၀ ဆေးရုံတက်ကုသခံယူခဲ့ရပြီး ကလေးငယ် ၃၇၀သေဆုံးခဲ့ရကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌ မိုးကြီးပစ်မှုကြောင့် သေဆုံးသူများပြား

ပေကျင်း စက်တင်ဘာ ၁၀

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မိုးကြိုးပစ်ချခံရမှုကြောင့် သေဆုံးသူဦးရေမှာ ၁၀၉ဦး အထိရှိပြီး ၄၃ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ဆိုင်ရာရုံး (စီအမ်အေ)က စက်တင်ဘာ ၁ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ယခုနှစ်၌ အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ချခြင်းများ ပိုမိုဖြစ်ပွားခဲ့သည်။ ယခုနှစ် အပူချိန်သည် တရုတ်နိုင်ငံ၌ ၁၉၅၁ခုနှစ်မှ စတင်ကာ ဒုတိယမြောက် အပူချိန် အမြင့်မားဆုံး ဖြစ်ခဲ့သည်။

အဆိုးရွားဆုံးခံစား

တရုတ်နိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရသည်။ အထူးသဖြင့် ကျန်ဟိုင်ပြည်နယ်တွင် ၅၆နှစ်အတွင်း အပူပြင်းဆုံးဖြစ်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဒေသတွင်းလုံခြုံရေးတိုးတက်ရရှိရန် တရုတ်သမ္မတ ဟူကျင်တောင် တိုက်တွန်းပြောကြား

ဆစ်ဒနီ စက်တင်ဘာ ၁၀

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ဒေသတွင်း လုံခြုံမှု ပိုမိုရရှိရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန် တရုတ်သမ္မတ ဟူကျင်တောင်က သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ စက်တင်ဘာ ၈ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်)ဖိုရမ် ပြင်ပ၌ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားလိုက်ခြင်းဖြစ်သည်။

တိုက်တွန်းခဲ့

ထို့အပြင် တရုတ်နှင့်ရုရှားနှစ်နိုင်ငံတို့အနေဖြင့် ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှု အသစ်များကို တိုက်ဖျက်သွားကြရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းမှုများ ယခုထက် နက်နက်ရှိုင်းရှိုင်း ပူးတွဲပြုလုပ်ကြရေးကိုလည်း တရုတ်သမ္မတ ဟူကျင်တောင်က တိုက်တွန်းခဲ့သည်။

ပူးပေါင်းဆောင်ရွက်

အရှေ့မြောက်အာရှနှင့် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ရရှိရန်လည်း စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ရန် သမ္မတ ဟူကျင်တောင်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ ရိုရိုကီဖူမြို့ရှိ ဆိုနီကုမ္ပဏီမှထုတ်လုပ်သည့် ဒီဂျစ်တယ် ကင်မရာအား အရောင်းဝန်ထမ်းတစ်ဦး ပြသနေသည်ကို စက်တင်ဘာ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆူဒန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အဆိုပြု

ဂျူဘာ(ဆူဒန်) စက်တင်ဘာ ၁၀

ဆူဒန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် ပါကစ္စတန်သံအမတ် အရှက်ဖ်ကာဇီအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၅ရက်တွင် အဆိုပြုလိုက်ကြောင်း ဆူဒန်မီဒီယာများက ဖော်ပြသည်။

အစားထိုး

အဆိုပါရာထူးနေရာသည် ယခင်က ဂျန်ပရွန့်ခ်တာဝန်ယူခဲ့သော နေရာဖြစ်သည်။ ဂျန်ပရွန့်ခ်အား ထုတ်ပယ်လိုက်ပြီးနောက် အရှက်ဖ်ကာဇီနှင့် အစားထိုးခြင်းဖြစ်သည်။

အတွေ့အကြုံရ

မစ္စတာကာဇီသည် လောလောဆယ်တွင် ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သည်။ မစ္စတာကာဇီသည် အတွေ့အကြုံကောင်းများရှိပြီး သံတမန်အရည်အချင်း ပြည့်ဝသူတစ်ဦးလည်းဖြစ်ကြောင်း ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

ယုံကြည်

မိမိအနေဖြင့် မစ္စတာကာဇီသည် ဆူဒန်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးများ ရရှိအောင် ဆောင်ကြဉ်းပေးနိုင်မည့်သူ တစ်ဦးအဖြစ် ယုံကြည်ထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ထိုင်း၌ဓာတ်ငွေ့စက်ရုံနှစ်ရုံ ဆမ်ဆောင်းတည်ဆောက်မည်

ဆိုးလ် စက်တင်ဘာ ၁၀

ထိုင်းနိုင်ငံ၏ ပီတီတီကုမ္ပဏီအတွက် သဘာဝဓာတ်ငွေ့စက်ရုံနှစ်ရုံ တည်ဆောက်ရေးအမှာစာကို မိမိတို့လက်ခံရရှိခဲ့ကြောင်း တောင်ကိုရီးယား ဆမ်ဆောင်းကုမ္ပဏီမှ အင်ဂျင်နီယာများက စက်တင်ဘာ၉ရက်၌ ပြောကြားသည်။

အဆိုပါ ဓာတ်ငွေ့စက်ရုံများ တည်ဆောက်ရေးအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရှိကြောင်း၊ ထိုင်းနိုင်ငံ မက်တာဖွန့်အရပ်၌ တည်ဆောက်မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထိုစက်ရုံနှစ်ရုံမှ တစ်နေ့လျှင် သန့်စင်ပြီး သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၈၀၀အထိ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၂၀၁၀ပြည့်နှစ် မတ်လတွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်းကုမ္ပဏီသည် ယခုနှစ်၌ ထိုကဲ့သို့ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၄ဒသမ ၅ဘီလီယံ ပမာဏရှိသော လုပ်ငန်းအပ်နှံမှုများကို လက်ခံရရှိခဲ့ကြောင်း ဆမ်ဆောင်း အင်ဂျင်နီယာများက ပြောကြားသည်။

(အင်တာနက်)

လှိုင်ကော်မြို့နယ် ကြံခိုင်ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ်စည်းဝေး ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီး တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင် လိုက်ပါလျက် စက်တင်ဘာ၈ရက် ညနေပိုင်းက လှိုင်ကော်မြို့ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ ကျင်းပသည့် လှိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌတို့က ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသူကျောင်းသားများနှင့် ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် ထူးချွန်စွာအောင်မြင်သည့် ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

လှူဒါန်း

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၉ရက် နံနက်ပိုင်းက လှိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိနှင့် ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း လောင်းလှူဆက်ကပ်ပြီး စာသင် သံဃာတော်များ အတွက် ဆန်နှင့် ဆီများ လှူဒါန်းသည်။

အမှာစကားပြောကြား

ထို့နောက် ဗဟို အလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဖရူဆိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ကျင်းပသည့်ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို တက်ရောက်အမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး**(အပေါ်ပုံ)**၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသူကျောင်းသားများကို ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဒီမော့ဆိုမြို့နယ် ဆောင်ဒူကျေးရွာအခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲအခမ်းအနားကို တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ အခမ်းအနားကိုကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးက ကျောင်းဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက ကျောင်းရန်ပုံငွေအတွက် ငွေကျပ်၁၅ သိန်းသုံးသောင်း ပေးအပ်လှူဒါန်းပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာပြည်သူများ၏ မတည်ငွေ ကျပ်၁၇၅သိန်းဖြင့် အကုန်အကျခံတည်ဆောက်ခြင်းဖြစ်သည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ဒေသခံ ရပ်မိ ရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပြည်သူလူထုနှင့်တွေ့ဆုံပွဲ အခမ်းအနားကို တက်ရောက်ပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြားကာ ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက ဘိုးဘွားရိပ်သာနှင့် ခရီးသည်နားနေဆောင်သုံးခု ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း၂၀ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်နှင့် ရွှေကျောင်း ပရိယတ္တိစာသင်တိုက်များသို့ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပုဗ္ဗာရုံ စာသင်တိုက်သို့ရောက်ပြီး ဆရာတော် ဂန္ထဝါစကပါဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒအား ဖူးမြော်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်၍ ဆွမ်းဆန်တော်နှင့် ဆီ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံတက္ကသိုလ် သချာကျောင်းသားဟောင်းများ ပုဂံ ပညာသိပ္ပဓမ္မရုံသီစေတီ ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသ၏ ဩဝါဒကိုခံယူ၍ ဒဂုံတက္ကသိုလ် သချာကျောင်းသားဟောင်းများက ပုဂံရှေးဟောင်းသမိုင်းဝင် ဘုရားအမှတ် (၉၈၀–ဃ) ပညာသိပ္ပဓမ္မရုံသီစေတီတော်မြတ် **(ဝဲပုံ)** ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲကို ယခုနှစ်ဒီဇင်ဘာ၂၅ရက်တွင် ပုဂံမြို့၌ ကျင်းပရန်စီစဉ်ထားရာ စေတီတော်သို့ ဖောက်လုပ်ထားသော ပညာသိပ္ပလမ်းခင်းရန်အတွက် မစန်းစန်းအေး (ဝေဇင်စာပေ) နှင့် မစန္ဒာဝင်း(တာမွေ)တို့က ငွေကျပ်နှစ်သိန်း၊ မမြင့်မြင့်မော် (သာကေတ)မှ ငွေကျပ်၅၀၀၀၀၊ စေတီတော်ပတ်လည် အုတ်တံတိုင်းကို ရှေးမူမပျက် ပြုပြင်ရန် Friendship Foundation မှ ငွေကျပ် ၅၀၀၀၀ မတည်လှူဒါန်းထားပြီး ဗုဒ္ဓပူဇနိယပွဲတွင် ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊သစ်သီး စုစုပေါင်း ၅၀၀၀ ကပ်လှူပြီး သံဃာတော် အပါး၁၀၀ကျော်ကို ဆွမ်းဆက်ကပ်မည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲသို့လိုက်ပါလိုသူများနှင့် အလှူရှင်များအနေဖြင့် နိုဝင်ဘာ၄ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ရန်ကင်း စားတော်ဆက် မင်္ဂလာခန်းမဆောင်ကြီး၌ကျင်းပမည့် ဒဂုံတက္ကသိုလ် သချာကျောင်းသားဟောင်းများတွေ့ဆုံပွဲနှင့် ပုဂံဘုရားအလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပါရန်ဖိတ်ကြားထားပြီး ကိုမင်းနိုင် ဖုန်း–၀၉–၅၁–၂၄၉၃၀၊ ကြယ်စင်ပွင့်၊ ယုဇနပလာဇာ၊ မစန်းစန်းအေးဖုန်း–၅၈၀၀၈၇၊ ဝေဇင်စာပေ၊ မနွဲ့နွဲ့ဝင်း ဖုန်း–၅၈၀၄၅၃၊ မစန္ဒာဝင်း ဖုန်း–၅၄၄၈၉၇ နှင့် မသန်းသန်းအေး(သံပန်းသံတံခါးလုပ်ငန်း)ဖုန်း–၅၅၉၁၂၃တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ဘရာဇီးလ်နိုင်ငံ ရီယိုဒီဂျနေးရိုး၌ စက်တင်ဘာ ၁၀ရက်က စတင်ကျင်းပသည့် ကမ္ဘာ့ဂျူဒိုအဖွဲ့ချုပ် (I J F) ကွန်ဂရက်အစည်းအဝေးတက်ရောက်ရန်နှင့် (၂၅)ကြိမ်မြောက် ကမ္ဘာ့ဂျူဒိုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးအေးကြည် အုပ်ချုပ်သူအဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး အားကစားသမားအဖြစ် ကီလို၉၀တန်းမှ ဇင်လင်းအောင်တို့ပါဝင်သည့် မြန်မာဂျူဒိုအားကစားအဖွဲ့ စက်တင်ဘာ ၈ရက်က လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့်အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (က–ပ)

တန်ဇန်းနီးယား၌ ယာဉ်တိုက်မှုဖြစ်ပွား ၂၇ဦးသေဆုံး

ဒါရက်စလမ် စက်တင်ဘာ ၁၀

တန်ဇန်းနီးယားနိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာ ၁၀ရက်က ဘတ်စ်ကားနှင့် ကုန်တင်ကားတို့ တိုက်မိခဲ့ရာ ၂၇ဦးသေဆုံးပြီး ၄၃ဦး ဒဏ်ရာရခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြစ်ပွားခဲ့

အဆိုပါ မတော်တဆမှုသည် ဒါရက်စလမ်မြို့မှ ဇမ်ဘီယာမြို့သို့ သွားသော အဝေးပြေးလမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

မြန်မာ့အလင်း
အင်တာနက် ဖောင်ပိတ်သတင်း

ထိုင်း၌ မိုးသည်းထန် ရေလွှမ်း၍လေးဦးသေဆုံး နှစ်ဦးပျောက်ဆုံးနေ

ဗန်ကောက် စက်တင်ဘာ ၁၀

ထိုင်းနိုင်ငံမြောက်ပိုင်း ပက်ချာဘန်ပြည်နယ်တွင် စက်တင်ဘာ ၁၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

ရေလွှမ်း

မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် ပက်ချာဘန်ပြည်နယ်ရှိ ကျေးရွာအချို့ ရေလွှမ်းမှုနှင့် ကြုံတွေ့နေကြောင်း ၎င်းသတင်း၌ ဆက်လက်ဖော်ပြထားသည်။ (ဝဲပုံ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ဝါခေါင်လကွယ်နေ့ (ဥပုသ်နေ့)
၁၁–၉–၂၀၀၇ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ပေါင်းတည်မြတ်စွယ်တော်ပူဇော်ပွဲ
၈း၀၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၁၅	၆။	ကဗျာပန်းဥယျာဉ်
၈း၃၀	၇။	International News
၈း၄၀	၈။	Islands of Dhamma
၈း၄၅	၉။	ဘဒ္ဒန္တတေဇနိယ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အမှတ်(၃)အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၂)ဒဂုံ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆း၅၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သချာအထူးပြုများ) [ရူပဗေဒ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၀၅	၆။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အခြေခံပညာ ၅–၁၀နှစ်) [အမျိုးသမီး]
၁၇း၁၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀	၁၁။	အာဟာရပြည့်လျှင်ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ
၁၉း၀၀	၁၂။	ဆောင်းပါးရှင်ကျော်ရဲမင်း၏ **အမေရိကန်၊ဗြိတိန်တို့၏ မြန်မာ့နိုင်ငံရေး၌ ဝင်ရောက်နှောင့်ယှက်စွက်ဖက်မှုများ** (အပိုင်း–၅)
၁၉း၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း–၁၁)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း–၅)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

■ *ကျောဖုံးမှ*

တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ခြေအသာစီးမှ ကစားနိုင်သော်လည်း မြန်မာအသင်းကို ဂိုးသွင်းနိုင်ခြင်းမရှိ၍ အုပ်စုဒုတိယဖြင့်သာ ကျေနပ်လိုက်ရသည်။ ထိုင်းအသင်းသည် သရေကျလျှင် ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမ ရနိုင်သည့် အခွင့်အရေးရှိခဲ့သော်လည်း ပွဲပြီးခါနီးပေးလိုက်ရသည့် ဂိုးကို ချေပနိုင်ခြင်းမရှိဘဲ အရှုံးနှင့်ရင်ဆိုင်လိုက်ရသည်။

အစွမ်းပြကာကွယ်

မြန်မာအသင်းသည် ပွဲအစပိုင်း၌သာ ထိုင်းအသင်းကို သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ထိုင်းအသင်း၏ ထိုးဖောက်မှုကို ခက်ခက်ခဲခဲ ကာကွယ်ဖျက်ထုတ်ခဲ့ရပြီး ထောင့်ကန်ဘောများ အကြိမ်ကြိမ်ပေးခဲ့ရသည်။ ထိုင်းအသင်းသည် ပထမပိုင်း၌ အချိန်အတော်များများ မြန်မာအသင်းကွင်းတစ်ဝက်ကို ဖိကစားပြီး ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အသင်းခေါင်းဆောင် စန်းစန်းမော်နှင့် ဂိုးသမား မေခင်ယမင်းတို့၏ အစွမ်းပြကာကွယ်နိုင်မှုကြောင့် မြန်မာအသင်း ဂိုးမပေးရခြင်းဖြစ်သည်။

စိတ်ဓာတ်မြင့်မား

ထိုင်းအသင်းသည် တစ်ဦးချင်း ဘောလုံးကျွမ်းကျင်မှုနှင့် ကြံ့ခိုင်မှု၊ အသင်းလိုက်နားလည်မှုရှိရှိ ကစားနိုင်၍ မြန်မာအသင်းကို အသာစီးမှ ကစားနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစွမ်းအရ ထိုင်းအမျိုးသမီးအသင်းကို မမီသော်လည်း စိတ်ဓာတ်မြင့်မားမှုနှင့် အသင်းလိုက်စည်းလုံးညီညွတ်မှုတို့ဖြင့် ကစားနိုင်ခဲ့၍ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ငြိမ်းငြိမ်းအိအစား မိုင်နီလာထွေး၊ ဇင်မာဝမ်းအစား မာဂရက်မေရီတို့ကို လူစားလဲကစားရာ ကစားအား တက်လာပြီး ထိုင်းအသင်းဘက်သို့ ပြန်လည်ထိုးဖောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းဘက်သို့ တန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်နိုင်သော်လည်း လျင်မြန်မှုအားနည်း၍ အခွင့်အရေးများ လက်လွတ်ခဲ့ရခြင်းဖြစ်သည်။ တိုက်စစ်မှူး ဇင်မာဝမ်းသည် အလယ်တန်းလူများနှင့် နားလည်မှုလွဲနေပြီး လူကျွံထောင်ချောက်အတွင်း မကြာခဏ သက်ဆင်းမိနေ၍ ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ချေ။

တန်ပြန်တိုက်စစ်

မြန်မာအသင်းရရှိသည့် တစ်လုံးတည်းသော အနိုင်ဂိုးမှာ တန်ပြန်တိုက်စစ်မှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲပြီးရန် မိနစ်ပိုင်းအလို ပွဲချိန် ၈၈မိနစ်တွင် အလယ်တန်းလူ သန်းသန်းထွေး ဖြတ်ထိုးပေးလိုက်သည့်ဘောလုံးကို မာဂရက်မေရီ ဆွဲယူသွားပြီး ထိုင်းဂိုးသမားကို လိမ်ခေါက်ကျော်ဖြတ်၍ လှလှပပ သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း ဂိုးမရမီ ပွဲချိန်၈၂မိနစ်တွင် ထိုင်းအသင်းမှ ကျောနံပါတ် (၁၇) Anootsara Maijarern က မြန်မာနောက်တန်းလူကို ကြမ်းတမ်းစွာ ဖျက်ကစားသဖြင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသည်။

မြန်မာအသင်းသည် သုံးပွဲကစား သုံးပွဲနိုင်၊ ကိုးမှတ်ဖြင့် အုပ်စုပထမ ရရှိသွားရာ အကြိုဗိုလ်လုပွဲစဉ်၌ အုပ်စု(က)မှ အုပ်စုပထမဖြင့် တက်လာမည့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းကို ရှောင်လွဲနိုင်ခဲ့ပြီး မလေးရှားအသင်းနှင့်သာ ကစားရဖွယ်ရှိသည်။ ထိုင်းအသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းသွားသည်။

လာအိုအနိုင်ရ

ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်အဖြစ် စင်ကာပူအမျိုးသမီးဘောလုံးအသင်းနှင့် လာအိုအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ လာအိုအမျိုးသမီးဘောလုံးအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ စင်ကာပူအသင်းနှင့် လာအိုအသင်းတို့သည် အုပ်စုအဆင့်ဖြင့် ကျေနပ်လိုက်ရပြီး အိမ်ပြန်ကြရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ပွဲစဉ်အပြီးတွင် အနိုင်ရရှိသွားသော မြန်မာအသင်းအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေကျပ်၁၀သိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ငွေကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်သည်။

ပါဝင်ကစား

ထိုင်းအသင်းကို အနိုင်ရရှိပြီး အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသော မြန်မာအမျိုးသမီးဘောလုံးအသင်းတွင် **(ဂိုး)** မေခင်ယမင်း၊ **(နောက်တန်း)** စန်းစန်းသိန်း၊ စန်းစန်းမော် (အသင်းခေါင်းဆောင်)၊ မိုးမိုးဝါ၊ မြင့်မြင့်အေး၊ **(အလယ်တန်း)** သန်းသန်းထွေး၊ ငြိမ်းငြိမ်းအိ (မိုင်နီလာထွေး)၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ **(ရှေ့တန်း)** ခင်မာလာထွန်း၊ ဇင်မာဝမ်း (မာဂရက်မေရီ)တို့ ပါဝင်ကစားခဲ့ကြသည်။

သတင်းစာရှင်းလင်း

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ပွဲအပြီးတွင် နှစ်ဖက်အသင်းနည်းပြချုပ်များက သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ ပြည်တွင်းပြည်ပ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုင်းအမျိုးသမီးအသင်း ထိုးဖောက်မှုကို မြန်မာအမျိုးသမီးအသင်း နောက်ခံလူ ဖျက်ထုတ်နေစဉ်။ (မြန်မာ့အလင်း)

ပြန်ဆုံတွေ့နိုင်

ရှေးဦးစွာ ထိုင်းအသင်းနည်းပြချုပ် Chana Yodprang က **"မိမိတို့ အုပ်စုပထမရမည်ဟု မျှော်လင့်ပြီး အကောင်းဆုံးကစားခဲ့သော်လည်း ပွဲပြီးခါနီး၌ မမျှော်လင့်ဘဲ ဂိုးပေးလိုက်ရကြောင်း၊ ပထမပိုင်း၌ မိမိတို့ကစားသမားများ အကြိမ်ကြိမ်ထိုးဖောက်နိုင်သော်လည်း ဂိုးမရခဲ့၍ ဒုတိယပိုင်း၌ ခက်ခက်ခဲခဲ ကစားခဲ့ရကြောင်း၊ အကြိုဗိုလ်လုပွဲစဉ်၌ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်ရာ အနိုင်ရမည်ဟု ယုံကြည်ပါကြောင်း ဗိုလ်လုပွဲ၌ မြန်မာအသင်းနှင့် ပြန်ဆုံတွေ့နိုင်ကြောင်း"** ဖြင့် ပြောကြားသည်။

တာဝန်ပေးထား

မြန်မာအသင်းနည်းပြချုပ် ဦးအေးကြူကြီးကလည်း **"မြန်မာအသင်းမှ ကစားသမားများအနေဖြင့် ထိုင်းအသင်းမှ ကစားသမားများကို လျင်မြန်မှုနှင့် ကြံ့ခိုင်မှု၌ မမီသော်လည်း စိတ်ဓာတ်မြင့်မားမှုနှင့် အသင်းလိုက်စည်းလုံးမှုဖြင့် ကစားနိုင်ခဲ့၍ ပွဲပြီးခါနီး၌ အနိုင်ဂိုးရခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုင်းအသင်းကလည်း ယခုပွဲစဉ်၌ အမာခံကစားသမားများ အသုံးပြုပြီး အသေအချာ ပြင်ဆင်ကစားခဲ့ခြင်းဖြစ်ကြောင်း၊ အလယ်တန်းလူ အေးနန္ဒာလှိုင် ခြေစွမ်းမပြနိုင်ခြင်းမှာ ပထမပွဲ၌ အဝါထိထား၍ ထိန်းကစားနေရခြင်းနှင့် တစ်ဖက်အသင်းက ကစားသမား (ကျောနံပါတ်–၁၆) တိုက်စစ်၌ လိုက်ပါနိုင်ခြင်းမရှိအောင် တာဝန်ပေးထား၍ ဖြစ်ပါကြောင်း၊ အနိုင်ဂိုးသွင်းယူခဲ့သည့် မာဂရက်မေရီကို နောက်ပွဲစဉ်၌လည်း ယခုကဲ့သို့ပင် တစ်ဖက်အသင်း ကစားအားကျဆင်းသွားမှ လူစားလဲပြီးသုံးရန် ရည်ရွယ်ထားပါကြောင်း၊ မာဂရက်မေရီ၏ ပွဲအတွေ့အကြုံအရ ပွဲအပြည့်သုံးရန် မဖြစ်နိုင်သေးကြောင်း၊ တစ်ခဲနက် အားပေးကြသည့် မြန်မာပရိသတ်ကြီးကို အထူးကျေးဇူးတင်ပါကြောင်း"** ဖြင့် ပြောကြားသည်။

ယနေ့ပွဲ

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို စက်တင်ဘာ ၁၁ ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ရာ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် မလေးရှားအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(က)အနိုင်အရှုံးနှင့် ရပ်တည်မှုအနေအထား

မလေးရှား	၂	–	၀	အင်ဒိုနီးရှား
ဗီယက်နမ်	၉	–	၀	ဖိလစ်ပိုင်
အင်ဒိုနီးရှား	၃	–	၂	ဖိလစ်ပိုင်
ဗီယက်နမ်	၉	–	၀	မလေးရှား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
ဗီယက်နမ်	၂	၂	၀	၀	၁၈	၀	၆
အင်ဒိုနီးရှား	၂	၁	၀	၁	၃	၄	၃
မလေးရှား	၂	၁	၀	၁	၂	၉	၃
ဖိလစ်ပိုင်	၂	၀	၀	၂	၂	၁၁	၀

အုပ်စု(ခ) အနိုင်အရှုံးနှင့် ရပ်တည်မှုအနေအထား

မြန်မာ	၃	–	၀	စင်ကာပူ
ထိုင်း	၁၃	–	၁	လာအို
ထိုင်း	၈	–	၀	စင်ကာပူ
မြန်မာ	၇	–	၀	လာအို
မြန်မာ	၁	–	၀	ထိုင်း
လာအို	၃	–	၁	စင်ကာပူ

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
မြန်မာ	၃	၃	၀	၀	၁၁	၀	၉
ထိုင်း	၃	၂	၀	၁	၂၁	၁	၆
လာအို	၃	၁	၀	၂	၄	၂၁	၃
စင်ကာပူ	၃	၀	၀	၃	၁	၁၄	၀

(မြန်မာ့အလင်း)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်



✡ *ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် စက်တင်ဘာ၉ရက်က ဇင့်တစ်ကုမ္ပဏီက တည်ဆောက်ထားသည့် လူလိုက်ပါခြင်းမရှိသော နေရောင်ခြည်စွမ်းအင်သုံး အပေါ့စားလေယာဉ်ငယ်တစ်စင်း ဝေဟင်၌ ၅၂နာရီကြာအောင် အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။* ***(အပေါ်ပုံ)***

✱ **မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဆာခရီမင်တိုမြို့အနီးတွင် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းက ပေါက်ကွဲစေတတ်သည့် ပစ္စည်းများကို တင်ဆောင်လာသော ကုန်တင်ကားတစ်စီးနှင့် အခြားကားတစ်စီးတို့တိုက်မိရာ ကုန်တင်ကား ပေါက်ကွဲ မီးလောင်မှုဖြစ်ပွားပြီး ၃၇ဦး သေဆုံးကာ ၁၅၀ ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

✦ *ဒိန်းမတ်နိုင်ငံ အနောက်ပိုင်း အာဘယ်ဘော့လေဆိပ်သို့ စကင်ဒီနေးဗီးယန်းလေကြောင်းလိုင်းမှ ခရီးသည် ၇၆ဦး တင်ဆောင်ပျံသန်းလာသော လေယာဉ်တစ်စင်း စက်တင်ဘာ ၁၀ရက်က အင်ဂျင်ချွတ်ယွင်းပြီး အရေးပေါ်ဆင်းသက်ခဲ့ရာ အဆင်းတွင် ဂီယာချွတ်ယွင်းခဲ့၍ ခရီးသည်ငါးဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

◆ **နိုင်ဂျီးရီးယားနိုင်ငံ အရှေ့ပိုင်း တာရာဘာပြည်နယ်ရှိ ဘီနူးမြစ်တွင် စက်တင်ဘာ ၉ ရက်က ခရီးသည်တင်လှေတစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ရာ ခြောက်ဦးသေဆုံးသွားကြောင်း နိုင်ဂျီးရီးယား မီဒီယာများက ဖော်ပြသည်။**

❊ *ကိုလံဘီယာနိုင်ငံ အနောက်တောင်ဘက်ကမ်းလွန်တွင် စက်တင်ဘာ ၁၀ရက်က အင်အား ရစ်ချ်တာစကေး ၆ဒသမ၂ ရှိသော မြေငလျင်လှုပ်သွားခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုနှင့် ဆူနာမီသတိပေးမှုများ မရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

❖ **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းလွန်၌ စက်တင်ဘာ ၉ရက်က အင်အားပြင်း မုန်တိုင်းတိုက်ခတ်ခဲ့ရာ ငါးဖမ်းသမား ၃၅ဦး ပျောက်ဆုံးသွားကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်လျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

✷ *အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင် မိုးပျံလမ်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်တင်ဘာ ၉ရက်က ပြိုကျမှု ဖြစ်ပွားခဲ့ရာ ၁၅ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိသွားကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။*

❑ **ဗီယက်နမ်နိုင်ငံ လောဆိုင်ပြည်နယ်တွင် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဗီယက်နမ်မီဒီယာများက ဖော်ပြသည်။**

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ယူရိုခြေစစ်ပွဲအောင်ရန် ကြိုးစားရမည့် ပေါ်တူဂီ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လစ္စဘွန်း စက်တင်ဘာ ၁၀

ယူရို ၂၀၀၈ ခြေစစ်ပွဲတွေကို အကြိတ်အနယ် ကစားနေကြတာမို့ အသင်းကြီးတွေ ခြေစစ်ပွဲအောင်ဖို့ အတွက် ရုန်းကန်ကြိုးစားနေရချိန်ဖြစ်ပါတယ်။ ယူရို ၂၀၀၈ ခြေစစ်ပွဲအောင်ဖို့ ပြိုင်ဘက်တွေကို ခက်ခက်ခဲခဲ ဖြတ်ကျော်နေရတဲ့အသင်းတွေထဲမှာ ပေါ်တူဂီအသင်းလည်း ပါဝင်နေပါတယ်။

တတိယနေရာ

ယူရို ၂၀၀၈ခြေစစ်ပွဲရဲ့ အုပ်စု(က)မှာ ပိုလန်၊ ဖင်လန်တို့နဲ့ တစ်အုပ်စုတည်းကျနေတဲ့ ပေါ်တူဂီအသင်းဟာ စက်တင်ဘာ ၁၂ရက်မှာ ဆားဗီးယားအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ပြီးခဲ့တဲ့ခြေစစ်ပွဲ ကိုးပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေကြောင့် အုပ်စု(က)မှာ ၁၆မှတ်နဲ့ တတိယနေရာရောက်ရှိနေပါတယ်။

အုပ်စု(က)မှာ ပိုလန်အသင်းဟာ ၁၀ပွဲကစားပြီးချိန်မှာ အမှတ် ၂၀နဲ့ ထိပ်ဆုံးမှာ ရပ်တည်နေသလို ဖင်လန်အသင်းကလည်း ၁၀ပွဲကစားပြီးချိန်မှာ ၁၈မှတ်နဲ့ ဒုတိယနေရာမှာရှိနေပါတယ်။ ပေါ်တူဂီအသင်းဟာ တစ်ပွဲလျော့အနေအထားနဲ့ တတိယနေရာမှာရောက်နေပေမယ့် ခြေစစ်ပွဲအောင်ဖို့တော့ ကြိုးစားရုန်းကန်ရမယ့် အနေအထားရောက်ရှိနေပါတယ်။

ယူရို ၂၀၀၈ခြေစစ်ပွဲ အောင်ရမယ်လို့ အခိုင်အမာကြွေးကြော်ထားတဲ့ ပေါ်တူဂီနည်းပြ စကိုလာရီဟာ မမျှော်လင့်ဘဲ သရေပွဲလေးပွဲနဲ့ ကြုံတွေ့ခဲ့ရတာမို့ သူ့အသင်းကို ဖိဖိစီးစီးကိုင်တွယ်နေရပြီ ဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ဖင်လန်ကို အဝေးကွင်းမှာ တစ်ဂိုးစီသရေ၊ ဆားဗီးယားကို အဝေးကွင်းမှာ တစ်ဂိုးစီသရေ၊ အာမေးနီးယားအသင်းကို အဝေးကွင်းမှာ တစ်ဂိုးစီသရေနဲ့ ပြီးခဲ့တဲ့ စက်တင်ဘာ ၈ရက်က အိမ်ကွင်းမှာ ပိုလန်နဲ့ နှစ်ဂိုးစီသရေပွဲတွေ ဖြစ်ခဲ့တာကြောင့် အုပ်စု(က)မှာတော့ သရေပွဲအများဆုံးဖြစ်ခဲ့တဲ့ အသင်းပါပဲ။

ပေါ်တူဂီအတွက် ဂိုးအများဆုံးသွင်းယူပေးထားသော တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို။ (ဓာတ်ပုံ-အင်တာနက်)

တာဝန်ပေးခဲ့

ပေါ်တူဂီနည်းပြ စကိုလာရီဟာ တိုက်စစ်မှူးတွေအဖြစ် ပေါ်တိုကလပ်မှာကစားနေတဲ့ ရီကာဒို၊ ဘင်ဖီကာမှာကစားနေတဲ့ နူနိုဂိုမက်စ်၊ မန်ယူမှ စီရိုနယ်ဒိုနဲ့ ပေါ်တိုမှ ပေါ့စတီဂါတို့ကို အလှည့်ကျပွဲထုတ်ခဲ့ပါတယ်။ ကွင်းလယ်မှာ ဒေကို၊ တီရာဂို၊ ဗီလိုဆိုနဲ့ ဗလင်စီယာမှာကစားနေတဲ့ မီရာလော့စ်တို့ကို အပြည့်ထုတ်သုံးပြီး ခံစစ်မှာ မွန်တီရီယို၊ ကာဗယ်ဟို၊ အင်ဒရာဒီ၊ ဖာနန်ဒိုမေရာတို့အပြင် ဂိုးသမားအဖြစ် ရီကာဒိုပီရေးရားတို့ကို တာဝန်ပေးခဲ့ပါတယ်။

ခုနစ်ဂိုးသွင်းယူ

ဒီ ၁၀ဂိုးမှာ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုက ခုနစ်ဂိုးသွင်းယူပေးထားပါတယ်။

ရုန်းကန်ကြိုးစား

ပေါ်တူဂီအသင်းဟာ အုပ်စု (က)မှာတော့ ခြေစွမ်းအထက်မြက်ဆုံးအသင်းပါပဲ။ တိုက်စစ်၊ ခံစစ်မျှတတဲ့အသင်းဖြစ်သလို စုစည်းမှုအားလည်း ကောင်းတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာ သရေပွဲတွေများခဲ့လို့ ခြေစစ်ပွဲအောင်ဖို့ကိုလည်း ရုန်းကန်ကြိုးစားရမယ့် အဖြစ်ရောက်ရှိနေပါတယ်။

ပေါ်တူဂီခြေစစ်ပွဲ အောင်ရမည်ဟု ပြောကြားနေသည့် နည်းပြ စကိုလာရီ။ (ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၁၂ရက်မှာ ဆားဗီးယားနဲ့ပွဲက အိမ်ကွင်းမှာ ကစားရမှာဆိုတော့ ဒီပွဲကို အနိုင်ကစားမှ ရပါလိမ့်မယ်။ ပထမအကျော့အဝေးကွင်းမှာ တစ်ဂိုးစီ သရေပွဲဖြစ်ထားတာမို့ နည်းပြစကိုလာရီ အထူးဂရုစိုက်ရ ပါလိမ့်မယ်။

အားနည်းချက်

ပေါ်တူဂီအသင်းဟာ အိမ်ကွင်း ရှုံးပွဲမရှိသေးပေမယ့် အခုလိုအခြေအနေမျိုးမှာ သရေပွဲတောင် လက်မခံနိုင်တာမို့ ဆားဗီးယားအသင်းကို အနိုင်ရဖို့အတွက် အမာခံလူတွေ အကုန်ထုတ်မှ ရပါလိမ့်မယ်။ ဆားဗီးယားအသင်းဟာ လျင်မြန်တဲ့အပြင် မာမာတင်းတင်း တုံ့ပြန်ကစားနိုင်တဲ့ အသင်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဆားဗီးယားအသင်းရဲ့ အားနည်းချက်က တိုက်စစ်ပါပဲ။

စနစ်တကျ

ဆားဗီးယားတိုက်စစ်မှာ ဇီဂစ်တစ်ဦးတည်းအားကိုးအားထားစရာရှိပါတယ်။ စတန်ကိုဗစ်ကလည်း ဂိုးသွင်းခြေမမှန်တာကြောင့် နောက်တန်းနဲ့ ကွင်းလယ်ကစားအားကောင်းပေမယ့် ပေါ်တူဂီကို အနိုင်ရဖို့တော့ အခွင့်အရေးနည်းနေပါတယ်။ ပေါ်တူဂီအသင်းမှာ စီရိုနယ်ဒို၊ နူနိုဂိုမက်စ်နဲ့စီမာအိုတို့က ဂိုးသွင်းကောင်းသူတွေ မို့ အိမ်ကွင်းမှာတော့ ဂိုးတွေသွင်းယူနိုင်ကြပါလိမ့်မယ်။ ဒီပွဲဟာ အနိုင်ရမှ ဖြစ်မှာမို့ နည်းပြစကိုလာရီ သူ့လူတွေကို စနစ်တကျ ဗျူဟာခင်းကျင်းကစားခိုင်းမှာ သေချာပါတယ်။

စောင့်ကြည့်

ပေါ်တူဂီအသင်းဟာ အုပ်စု(က)မှာ အဇာဘိုင်ဂျန်၊ ကာဇက်စတန်တို့နဲ့ အဝေးကွင်းမှာ ကစားရဦးမှာဖြစ်သလို အိမ်ကွင်းမှာ အာမေးနီးယား၊ ဖင်လန်အသင်းတို့နဲ့လည်း ကစားရပါလိမ့်ဦးမယ်။ ဒါပေမယ့် အခု ဆားဗီးယားနဲ့ပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင် ပေါ်တူဂီတို့ခြေစစ်ပွဲအောင်ဖို့ နီးစပ်သွားပြီဖြစ်တာမို့ ဒီပွဲမှာ ပေါ်တူဂီအသင်း အနိုင်ရ၊ မရဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အသက် ၁၇နှစ်အောက် ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲ နိုင်ဂျီးရီးယားက စပိန်ကို ပယ်နယ်တီဖြင့် နိုင်ပြီးဗိုလ်စွဲ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဆိုးလ် စက်တင်ဘာ ၁၀

အသက် ၁၇နှစ်အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၉ရက်က ဆိုးလ်မြို့၌ကျင်းပခဲ့ရာ နိုင်ဂျီးရီးယားအသင်းက စပိန်အသင်းကို ပယ်နယ်တီသုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်စွဲသွားခဲ့ သည်။

ပယ်နယ်တီကစားခဲ့ရ

အဆိုပါ ပြိုင်ပွဲသည် ပုံမှန်ကစားချိန်နှင့် အချိန်ပိုတို့တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့၍ ပယ်နယ်တီ ကစားခဲ့ရခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားအသင်း စပိန်အသင်းကိုနိုင်ပြီး ဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ဆွတ်ခူးနိုင်

နိုင်ဂျီးရီးယား လူငယ်ဘောလုံးအသင်းသည် အသက် ၁၇နှစ်အောက် ကမ္ဘာ့ဖလားကို တတိယအကြိမ်မြောက်အဖြစ် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၁၉၈၅ ခုနှစ်က တရုတ်နိုင်ငံ၌ ကျင်းပစဉ်က တစ်ကြိမ်၊ ၁၉၉၃ခုနှစ်က ဂျပန်နိုင်ငံ၌ ကျင်းပစဉ်ကတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်းက ဂါနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ရုရှားနှင့်ကစားမည့် ယူရိုခြေစစ်ပွဲ အင်္ဂလန်ကွင်းလယ်ကစားသမား ဟားဂရေဗ့်ပါဝင်ဖွယ်ရှိ

အင်္ဂလန်ကွင်းလယ်ကစားသမား ဟားဂရေ့ဗ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၁၀

အင်္ဂလန်ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်သည် စက်တင်ဘာ ၁၂ရက်တွင် ရုရှားနှင့်ကစားမည့် ယူရိုခြေစစ်ပွဲ၌ ပါဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း နည်းပြ မက်ကလာရင်က ပြောကြားသည်။

ကြိုးစား

သို့ရာတွင် ကွင်းလယ်ကစားသမား လမ်းပတ်သည် ပေါင်ဒဏ်ရာ ရရှိထားရာမှ ပြန်လည်သက်သာလာပြီဖြစ်သော်လည်း ရုန်းကန်ကြိုးစားနေရဆဲဖြစ်ကြောင်း မက်ကလာရင်က ပြောကြားသည်။

အစ္စရေးနှင့်ပွဲတွင် ပါဝင်ကစားခဲ့သည့် စတီဗင်ဂျရတ်မှာ ဆက်လက်ကစားနိုင်ရန် အခြေအနေကောင်းနေသည်။

အင်္ဂလန်တိုက်စစ်ကို မိုက်ကယ်အိုဝင်နှင့် ဟက်စကီးတို့က ဆက်လက်ဦးဆောင် ကစားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် ဒဏ်ရာကြောင့် ပြိုင်ပွဲနှင့် ဆက်လက်လွဲနေဦးမည်ဖြစ်သည်။ ဘက်ခမ်းသည် ဘောလုံးဖြန့်ဝေပေးမှုတွင် ထူးချွန်သည့် ကစားသမားတစ်ဦး ဖြစ်သည်။ ၎င်းအချိန်မီ ဒဏ်ရာမှပြန်ကောင်းလာလျှင် အင်္ဂလန်အသင်း ယူရိုခြေစစ်ပွဲအောင်ရန် အလားအလာရှိလာနိုင်သည်။ (အင်တာနက်)

ကမ္ဘာ့ နံပါတ်တစ် ဂျူစတင်ဟေနင် ယူအက်စ်အိုးပင်းဖလား ဒုတိယအကြိမ်ဆွတ်ခူး

နယူးယောက် စက်တင်ဘာ ၁၀

ဂျူစတင်ဟေနင်သည် ယူအက်စ် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ ကွတ်ဇ်ညက်ဆိုဗာအား ၆-၁၊ ၆-၃ ဖြင့်နိုင်ပြီး ဒုတိယအကြိမ်မြောက် ယူအက်စ်အိုးပင်းဖလားကြီးကိုဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ယူအက်စ်အိုးပင်းဖလား ဒုတိယအကြိမ်ဆွတ်ခူးသူ ဂျူစတင်ဟေနင်။ (ဓာတ်ပုံ-အင်တာနက်)

ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့

ဘယ်လ်ဂျီယံ တင်းနစ်အားကစားမယ် ဂျူစတင်သည် ကွတ်ဇ်ညက်ဆိုဗာနှင့် ၁၆ကြိမ်ဆုံတွေ့ခဲ့ရာ ၁၄ပွဲ အနိုင်ရခဲ့သည်။ သူမသည် ယခု ယူအက်စ်အိုးပင်းတွင် နာမည်ကြီး တင်းနစ်အားကစားမယ်များဖြစ်ကြသည့် ဗီးနပ်စ်နှင့် ဆီရီနာတို့ကိုလည်း အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် ဂျူစတင်သည် ၂၀၀၃ ခုနှစ်က အဆိုပါ ယူအက်စ်အိုးပင်းဖလားကြီးကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

ပြန်လည်ဆွတ်ခူးနိုင်ခဲ့

မိမိအနေဖြင့် လေးနှစ်အတွင်း ယူအက်စ်ဂရင်းဆလမ်ဖလားကြီးကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့၍ အံ့အားသင့်မိကြောင်း၊ မိမိအား ဆုဖလားကြီးများဆွတ်ခူးနိုင်ရန် သင်ကြားပြသပေးခဲ့သည့် နည်းပြဆရာ ကားလို့စ်ရိုဒရီကွတ်ဇ်ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း သူမက ပြိုင်ပွဲအပြီးတွင် ပြောကြားသည်။ **(အင်တာနက်)**

ပုဂ္ဂလိက အိမ်တွင်းစီးပွားရေးလုပ်ငန်း၌ ထင်ရှားကျော်ကြားလူကြိုက်များသည့် တောင်ငူမှ နန်းသူဇာ ပဲလှော်၊ ပဲကြော်လုပ်ငန်းနှင့် ကန်ရိုးကျေးရွာမှ မုန့်ဟင်းခါးခြောက်လုပ်ငန်း

ကွင်းဆင်းလေ့လာရေးသားသူ – သန်းသန်းနု နှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၀

ပဲခူးမြို့၏ အရှေ့မြောက်ပိုင်းရှိ တောင်ငူမြို့သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ခရီးတစ်ထောက် ရောက်ရှိခဲ့စဉ် စိမ်းညို့သွယ်တန်းနေသော ပဲခူးရိုးမ တောင်တန်းကြီး အလှကား တောင်ငူမြို့ကြီး၏ အလှတရားကို ပို၍ ခံ့ထည်စေခဲ့သည်။

တောင်ငူမြို့တွင်း၌ ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြုအစီအစဉ်အရ မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ကွင်းဆင်းလေ့လာရန် ရောက်ရှိခဲ့ကြသည်။

ပဲခူးတိုင်းတောင်ငူမြို့နယ်ရှိနန်းသူဇာ ပဲလှော်၊ ပဲကြော်မျိုးစုံ ရောင်းဝယ်ရေးနှင့်နေတံဆိပ် မုန့်ဟင်းခါးခြောက် လုပ်ငန်း တည်ရှိရာသို့ လုပ်ငန်းနှင့် ပတ်သက်၍ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းဝယ် ဖောက်ကားမှု စသည်ဖြင့် သိရှိလိုသည်များကိုသွားရောက်လေ့လာခဲ့ပေသည်။

ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းကဏ္ဍတွင် အိမ်တွင်းစီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ပါဝင်လျက်ရှိသည့် မြို့မဈေးကြီးအတွင်းရှိ ဆိုင်အမှတ်(၁၇)(၁၈) E ရုံ၊ သံဖြူတန်းရှိ နန်းသူဇာပဲလှော်၊ ပဲကြော်၊ ပဲမျိုးစုံ ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ကိုမြင့်သူ၊ မခင်သန်းဝင်းတို့ထံသို့ တွေ့ဆုံမေးမြန်းရန် သွားရောက်ခဲ့သည်။

နန်းသူဇာပဲလှော်၊ ပဲကြော်လုပ်ငန်းမှ ထုတ်လုပ်သော ပဲများမှာ ရွှေယင်းမာ၊ ပဲကြီးလှော်နှင့် သိပ္ပံပဲလှော် စသည်တို့ ထွက်ရှိသည်။

ရွှေယင်းမာပဲ ထုတ်လုပ်ရာ၌ ကုန်ကြမ်းဖြစ်သည့် ပဲစိမ်းကို နေပြည်တော် တပ်ကုန်းမှ မှာယူရရှိပြီးနောက် ပဲစိမ်း အပုပ်အနာများကို ရွေးချယ်ဖယ်ရှားရသည်။ ထို့နောက် ရေတွင် နာရီဝက် ခန့်စိမ်ပြီးနောက် ဆယ်ယူလျက် တစ်ည နှပ်ထားရသည်။ တစ်ဖန် ရေပြန်စိမ်လျက် ရေပေါ်တွင် ပေါ်လာသော ပဲများကို ပြန်ကျင်ယူပြီးနောက် စင်ပေါ်တင်ကာ တစ်နေ့ ပြန်နှပ်ထားရသည်။ ပြီးနောက် ကျပ်ကင်၍ အခြောက်ခံပြီး ဆားနဲ့လှော်ရသည်။ ယင်းကဲ့သို့ အဆင့်ဆင့်ဆောင်ရွက်ပြီးနောက် အရသာ ကောင်းမွန်သည့် ကုန်ချောအဆင့် ရောက်ရှိလေသည်။

အဆင့်ဆင့်

ပဲကြီးလှော်အတွက် ပဲကြီးကို နေပြည်တော် ပျဉ်းမနား မြို့လှရွာမှ ကုန်ကြမ်းဝယ်ယူ ရရှိသည်။ ပဲကြီးလှော်အတွက် ပဲကြီးကို အချိန်ပိုကြာမြင့်စွာ ရေစိမ်ပြီးနောက် အထက်ပါအတိုင်း အဆင့်ဆင့် ပြုလုပ်ရသည်။

သိပ္ပံပဲလှော်အတွက် သိပ္ပံပဲကိုမုံရွာမှ မှာယူရရှိသည်။ ရေတွင် နာရီဝက်ခန့် စိမ်ပြီးနောက် ပြန်ဖော်ကာ နှပ်ထားရသည်။ နောက်နေ့မနက်မှ ကြော်သည့်အဆင့်ကို ဆောင်ရွက်သည်။

နန်းသူဇာ ပဲလှော်၊ ပဲကြော် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

စတင်လုပ်ဆောင်

မြန်မာ့အလင်းသတင်းအဖွဲ့က ဆိုင်ပိုင်ရှင် မခင်သန်းဝင်းကို တွေ့ဆုံမေးမြန်းရာ၌ ဤလုပ်ငန်းကို ၁၉၈၆ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းဖြစ်သည့်အတွက် ကိုယ့်ပစ္စည်းကို အမြဲတမ်း ဂရုစိုက်လျက် ရှိကြောင်း၊ အမြဲတမ်း ကြိုးစားနေရပါကြောင်း၊ သန့်ရှင်းလတ်ဆတ်မှုသည် အဓိကဖြစ်ကြောင်းကိုလည်း လုပ်သားများအား ညွှန်ကြားလျက်ရှိသည်။

ဆက်လက်၍ ရှင်းလင်းပြောကြားရာတွင် မိမိတို့ လုပ်ငန်းအနေဖြင့် စားသောက်ကုန်လုပ်ငန်း ဖြစ်သော်လည်း အဓိကစားသုံးသူများမှာ တောင်သူ၊ တောင်သားများဖြစ်ကြောင်း၊ ယခုအချိန်သည် လယ်ယာလုပ်ငန်းချိန်ဖြစ်သည့်အတွက် ရောင်းအားတိုးမြှင့်လျက်ရှိကြောင်း ဖြေကြားသွားသည်။

မြို့မဈေးကြီးမှတစ်ဆင့် ပဲလှော်၊ ပဲကြော်ထုတ်လုပ်ရာ နယ်မြေ(၉) (၁၁) ရပ်ကွက်ရှိ လုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းရှင် ကိုမြင့်သူက ပဲလှော်၊ ပဲကြော်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းပြသခဲ့ပါသည်။

သန့်ရှင်းလတ်ဆတ်

နန်းသူဇာ ပဲလှော်၊ ပဲကြော်လုပ်ငန်းသည် နည်းစနစ်မှန်ကန်စွာဖြင့် သန့်ရှင်း လတ်ဆတ်မှုရှိသည်။ စားသုံးသူများအပေါ်သာ စေတနာရှေးရှု လုပ်ဆောင်နေခြင်းကြောင့် တောင်ငူမြို့တွင်သာမက အမြို့မြို့အနယ်နယ်တွင် ထင်ရှားကျော်ကြား လူသိများပေသည်။ လုပ်ငန်းရှင် ကိုမြင့်သူအနေဖြင့် မိမိစားကောင်းအောင် အရင်လုပ်၊ မိမိစားကောင်းမှ တစ်ပါးသူ စားကောင်းမည်ဟုဆိုကာ ခံယူချက်အပြည့်ဖြင့် အစဉ်ကြိုးစားလုပ်ဆောင်နေသူဖြစ်သည်။

အဓိက စားသုံးသူများကတော့ တောင်သူ၊ တောင်သားများ ဖြစ်ပါတယ်။ (မခင်သန်းဝင်း ပဲလှော်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်)

နန်းသူဇာ ပဲလှော်၊ ပဲကြော်လုပ်ငန်းမှ ဖြန့်ဖြူးရောင်းချမှုမှာ တောင်ငူမြို့အနီး၊ အုတ်တွင်း၊ ကျွဲပွဲ၊ ညောင်ခြေထောက်၊ ဇေယျာဝတီ၊ ဖြူး၊ ကညွတ်ကွင်း၊ တောကျွဲအင်း၊ ညောင်လေးပင်နှင့် ပဲခူးမြို့အထိ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ တောင်ငူမြို့၏ အထက်ဘက်တွင် ရေတာရှည်၊ မြို့လှ၊ ဆွာ၊ သာဂရ၊ ရေနီ စသည့်မြို့များသို့လည်း ဖြန့်ဖြူးလျက်ရှိသည်။

ရန်ကုန်မြို့နှင့် အခြား အမြို့မြို့ အနယ်နယ် အရပ်ရပ်မှ နန်းသူဇာ ပဲလှော်၊ ပဲကြော်ကိုယ်စားလှယ်အဖြစ် မှာယူဖြန့်ချိမည်ဆိုပါက ကုန်ပစ္စည်းအမှာ လိုအပ်သလောက် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ကြောင်း နန်းသူဇာက သတင်းကောင်း ပါးလိုက်ပါသည်။

ဆက်လက်၍ နေတံဆိပ်မုန့်ဟင်းခါးခြောက်စက်ရုံ တည်ရှိရာ အမှတ်(၃၄) (၅)ရပ်ကွက် ကန်ရိုးကျေးရွာ တောင်ငူမြို့ရှိ လုပ်ငန်းပိုင်ရှင် ဦးတင်ဦးထံသို့ သွားရောက်ခဲ့သည်။

၎င်းသည် လုပ်ငန်းကို စိတ်ပါဝင်စားပြီး မိမိကိုယ်တိုင် ပထမဦးဆုံး စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန့်ဟင်းခါးခြောက် ထုတ်လုပ်ရန် ၁၉၉၄ခုနှစ်ကစ၍ စမ်းသပ်လုပ်ဆောင်လျက်ရှိရာ ၁၉၉၆ခုနှစ်မှ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ထင်ရှားကျော်ကြား

ယခုအခါတွင် တောင်ငူမြို့ ကန်ရိုးကျေးရွာရှိ နေတံဆိပ် မုန့်ဟင်းခါးခြောက် လုပ်ငန်းသည် စက်မှုလက်မှုပေါင်းစပ်ထားသော အိမ်တွင်း စီးပွားရေးလုပ်ငန်းဖြစ်ကာ ဒေသထွက်ကုန်ပစ္စည်းအဖြစ် ထင်ရှားကျော်ကြားလျက်ရှိလေသည်။

ဆန်များကို ကြိတ်စက်ထဲသို့ မုန့်နှစ်ရအောင် ဤသို့စက်ကိရိယာဖြင့် ကြိတ်ရသည်။

မြန်မာ့အစားအစာများထဲတွင် မုန့်ဟင်းခါးဟုဆိုလိုက်လျှင်ပင်မြို့ရွာ၊ကျေးလက်ဒေသမရွေး နှစ်သက်စွာ စားသုံးကြသည့် အစားအစာတစ်မျိုး ဖြစ်သည်။ ယခင်က မုန့်ဟင်းခါးဖတ်ကို မြို့ပေါ်ရှိ ထုတ်လုပ်သည့် မုန့်ဖိုမှတစ်ဆင့် မှာယူစားသုံးရသော်လည်း ယခုအခါ ဝေးလံခေါင်းပါးသည့် ဒေသများတွင်ပါ အဆင်သင့်လွယ်လင့်တကူ စားသုံးနိုင်ရန်အတွက် မုန့်အခြောက်ထုပ်များကို တီထွင်ဆန်းသစ်ပြုလုပ်လျက်ရှိပေရာ ကျေးလက်ဒေသများတွင်စားသုံးသူများ လွယ်လင့်တကူအသုံးပြုနိုင်သည့်အပြင် ပြည်ပဈေးကွက်များသို့လည်း ဖြန့်ဖြူးရာတွင် ခြောက်သွေ့သန့်ရှင်းပြီး အလွယ်တကူ စားသုံးနိုင်ပေသည်။

စားသုံးသူများ အနံ့အရသာ ကောင်းမွန်တဲ့ သဘာဝအလျောက် ပြုလုပ်ထားတဲ့ အစားအစာ ဖြစ်ပါတယ်။ (ဦးတင်ဦး မုန့်ဟင်းခါးခြောက် လုပ်ငန်းရှင်)

ထုတ်လုပ်မှု အဆင့်ဆင့်

လုပ်ငန်းရှင် ဦးတင်ဦးက လုပ်ငန်းဆိုင်ရာ ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းပြောပြခဲ့ပါသည်။ မုန့်ဟင်းခါးခြောက် ပြုလုပ်ရာ၌ ကုန်ကြမ်းအဖြစ် ဒေသထွက် ဧည့်မထဆန်ကို

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

ဆန်အချောပြုလုပ်သည့် စက်ဖြင့်ဆန်ချော ပြုလုပ်ပြီးနောက် ရေဖြင့်ဖြူဖွေးစင်ကြယ်စွာ ဆေးကြောရပါသည်။ ထို့နောက် ဆန်ကို ရေစစ်ကာ မုန့်အရည်ကြိတ်စက်ထဲသို့ထည့်ပြီး မုန့်နှစ်ရအောင် ပြုလုပ်ရသည်။ ၎င်းမုန့်နှစ်များကို မုန့်ဟင်းခါးဖတ် အမျှင်သွင်းသည့် ပုံစံခွက်စက်ထဲသို့ လောင်းထည့်လိုက်ပါက စက်ထဲရှိလွန်သွား ဖိနှိပ်မှုအပူဓာတ်ဖြင့် မုန့်နှစ်များ ကျက်သွားကာ သတ်မှတ်ဆန်ကာမှ မုန့်ဖတ်အမျှင်တန်းများ ကျလာပြီး မုန့်ဖတ်အကြမ်းထည် ထုတ်လုပ်မှုအဆင့်ပြီးမြောက်လေသည်။

ပုံစံခွက်ထဲမှ မုန့်ဟင်းခါးဖတ်များ ထွက်ရှိလာသည်ကို ဤသို့ တွေ့ရသည်။

အပြီးသတ်ရရှိ

ထို့နောက် ၎င်းမုန့်ဟင်းခါးဖတ်များကို ခုနစ်နာရီဝန်းကျင်ခန့် အအေးခံ အခြောက်လှန်းပြီးနောက် မုန့်ချောင်းကလေးများအဖြစ် ပြန်ဖွကာ ထပ်မံ၍ ခုနစ်နာရီခန့်ကြာ လေတိုက်ခံအခြောက်လှန်းပြီး မုန့်ဟင်းခါးခြောက်အဖြစ်သို့ အပြီးသတ်ရရှိလေသည်။

အောင်မြင်

လက်ရှိတွင် မုန့်ဟင်းခါးခြောက် ထုပ်လေးများကို နန်းကြီး၊ နန်းသေး အဖြစ် နှစ်မျိုးထုတ်လုပ်လျက် ရှိသည်။ တစ်ထုပ်လျှင် ၃၀သားခန့် ပါဆယ်ထုပ်ကလေးများကို နေတံဆိပ်အမှတ်အသားဖြင့် အောင်မြင်ကျော်ကြားစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

တိုက်ရိုက်ဖြန့်ဖြူး

နေတံဆိပ်မုန့်ဟင်းခါးဖြန့်ဖြူးမှုအဖြစ် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့များသို့ တိုက်ရိုက် ဖြန့်ဖြူးလျက် ရှိသည်။ ရန်ကုန်မြို့ ကုန်သည်များမှတစ်ဆင့် ပြည်ပနိုင်ငံသို့ ပို့ဆောင်လျက်ရှိပေသည်။ ပြည်ပနိုင်ငံသို့ ဖြန့်ဖြူးတင်ပို့ရာ၌ အကျိုးအမြတ်ရရှိမှု သက်သက်အတွက်မဟုတ်ဘဲ မိမိနိုင်ငံရှိ ပြည်တွင်းစားသောက်ကုန် လုပ်ငန်းအနေဖြင့် ပြည်ပဈေးကွက်သို့ ရောက်ရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း မြန်မာ့အလင်း သတင်းအဖွဲ့သို့ အကျယ်တဝင့် ပြောကြားခဲ့သည်။

အသုံးပြုပုံမှာ မုန့်ဟင်းခါးခြောက်ကို အသုံးမပြုမီ နာရီဝက်ခန့်ရေစိမ်ထားပြီးနောက် ၁၅မိနစ်ပြုတ်ပြီးပါက အသင့်စားသုံးရန် မုန့်ဟင်းခါးဖတ်အဖြစ် ရရှိလေသည်။

ယခုအခါ ပြောင်းလဲတိုးတက်လာသော ခေတ်နှင့်အညီ မြို့ရွာဒေသအသီးသီးတွင် စားသုံးရန်အသင့် ရရှိနိုင်သည့် မုန့်ဟင်းခါးခြောက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်ရာ ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချ နိုင်ရေးအတွက် တောင်ငူမြို့ ကန်ရိုးကျေးရွာ အမှတ်(၃၄) (၅)ရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးတင်ဦးထံသို့ လိုသလောက် မှာယူရရှိနိုင်ကြောင်း ကွင်းဆင်းလေ့လာမေးမြန်း၍ ရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သာကေတမြို့နယ် (၇)ရပ်ကွက်ဇိနမာန်ရံ အောင်စေတီ အနီးမြစ္စာညို အိမ်ရာရှေ့ မိုးကုတ် ဝိပဿနာသုညတ ဓမ္မကျောင်းတိုက်အတွင်း မဂ္ဂဓမ္မ သုံးထပ်ကျောင်းဆောင်အတွက် မတည်အလှူရှင် ဗဟန်းမြို့နယ် ကုက္ကိုင်း ရေကူးကန်လမ်း နေ ဒေါက်တာနေဦး-ဒေါ်ပို့ပို့၊ သား ဦးမိုးထိုက်-ဒေါ်သီတာချို၊ သမီး မအိမိုးမိုး၊ သား မောင်ချိုင့်ဇော်နှင့်မြေးတစ်စု (နေဦးပုံနှိပ်လုပ်ငန်းနှင့် Top Choice ဗလာစာအုပ်)မိသားစုက အလှူငွေကျပ်သိန်း၅၀ကို ဆရာတော်ဦးစန္ဒသေနထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လှူဒါန်း

ဦးအေးမြင့်နှင့် ဦးညွှန့်ဟန်တို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် ၁၀ရပ်ကွက် ဗလ္လိက ၁၂လမ်း အမှတ် ၃၁၃ နေ ဒေါ်သန်းသန်းအေး မိသားစုက တောင်ဥက္ကလာပမြို့နယ် ဝိသုံဂါမ သာသနပါလ သိမ်တော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ အကျိုးဆောင်အဖွဲ့က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (၁၉၂)

ကြို့ပင်ကောက် မဟာပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော် မှန်ကျောင်းဆောင်ပြုလုပ်ရန် အလှူငွေပေးအပ်

ကြို့ပင်ကောက် စက်တင်ဘာ ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် မြို့လည်ချောင်း မဟာပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်ကို မှန်ကျောင်းဆောင် ပြုလုပ် လှူဒါန်းပူဇော်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၃ရက်က အဆိုပါ ဘုရားကြီး၏ ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်၍ ဖွင့်လှစ်ပြီး အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်ကွက်အဖွဲ့ဝင်များနှင့် အလှူရှင်တို့က လှူဒါန်းငွေ ၁၉၃၅၂၇၁၅ ကျပ်ကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်၊ အတွင်းရေးမှူးဦးအောင်ဝင်းဦးနှင့် သာယာဝတီခရိုင်ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုး တို့က အလှူငွေများကို လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်းသိရသည်။ **(၀၄၀)**

ဦးလှမြင့် (TME-004772) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးအေးမောင်(၃-၉-၂၀၀၇)ရက်စွဲ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၄)ပါ ဦးကျော်ဝင်း (MYGN-037757)နှင့် အများသိစေရန် ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ်(၂၀၂/၆)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၆)ရပ်ကွက်၊ အနော်ရထာလမ်း ယခင် အမှတ် -၂၈၅/၂၈၇၊ ယခုအမှတ်(၉၃/၉၅)ဟု ခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ သုံးထပ်အဆောက်အအုံ အဟောင်းအပါအဝင် အဆောက်အအုံအား ဖျက်သိမ်းပြီး လေးခန်းတွဲ ရှစ်ထပ်တိုက်သစ် ဆောက်လုပ်ရန် မြေပိုင်ရှင် ဒေါ်ကြည်ကြည်လေး (ခ) ဒေါ်နာဂျာမာဘီဘီ၊ ၎င်း၏ ကိုယ်စားလှယ်စာရသူ ဦးတင်ရွှေနှင့် ဦးလှမြင့်တို့ ၆-၉-၂၀၀၂ရက်စွဲပါ အဆင့်မြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပြီး နောက်ပိုင်း(၂)နှစ်ခန့်အကြာ ဦးလှမြင့်မှ လုပ်ငန်းအကောင်အထည်မဖော်နိုင်သဖြင့် မြေပိုင်ရှင် ဒေါ်ကြည်ကြည်လေး (ခ)ဒေါ်နာဂျာမာဘီဘီနှင့်လည်း ဆက်လက်ဆောင်ရွက်ရန် အဆင်မပြေသည့်အချိန်တွင်မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်းထံသို့ လာရောက်ပြီး ယုံကြည်စွာပြောဆို၍ ထိုလုပ်ငန်းအား ၂၁-၇-၂၀၀၄ရက်တွင် လုပ်ငန်းလွှဲပြောင်းပေးသူနှင့် လုပ်ငန်းလက်ခံသူတို့ နှစ်ဦးသဘောတူ ကတိဝန်ခံချက်စာချုပ် ချုပ်ဆိုလွှဲပြောင်းပေးပြီး ဦးကျော်ဝင်းထံမှ စရန်ငွေကျပ် ၂၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ဆယ်တိတိ)ကို လက်ခံရယူသွားခဲ့ပါသည်။ ၂၁-၇-၂၀၀၄ရက်စွဲပါ ဦးလှမြင့်နှင့် ဦးကျော်ဝင်းတို့ လုပ်ငန်းလွှဲပြောင်းပေးသူနှင့် လုပ်ငန်းလက်ခံသူတို့နှစ်ဦးသဘောတူ ကတိဝန်ခံချက် စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် မြေပိုင်ရှင် ဒေါ်ကြည်ကြည်လေး (ခ) ဒေါ်နာဂျာမာဘီဘီက ဦးလှမြင့်နှင့်ချုပ်ဆိုထားသော ၆-၉-၂၀၀၂ရက်စွဲပါ အဆင့်မြင့် ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်း နှစ်ဖက်သဘောတူစာချုပ်အား ဖျက်သိမ်းကြောင်း ၂၄-၁၂-၂၀၀၅ရက်တွင် ကြေးမုံသတင်းစာ၌ ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်းမှ ဒေါ်ကြည်ကြည်လေး(ခ)ဒေါ်နာဂျာမာဘီဘီ ကြေညာသော ၂၄-၁၂-၂၀၀၅ရက်စွဲပါ ကြေညာချက်အား လာရောက် ဖြေရှင်းရန် ဦးလှမြင့်အား အကြောင်းကြားစာနှစ်ကြိမ်တိတိဖြင့် ခေါ်ယူသော်လည်း လာရောက် ဖြေရှင်းပေးခြင်းမရှိခဲ့ပါ၍ မြေပိုင်ရှင် ဒေါ်ကြည်ကြည်လေး(ခ)ဒေါ်နာဂျာမာဘီဘီနှင့်ဦးကျော်ဝင်းတို့ ၅-၈-၂၀၀၆ရက်တွင် မြေပိုင်ရှင်နှင့် ကန်ထရိုက် တာတို့၏ (၄)ခန်းတွဲ (၈)ထပ်တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ ကတိစာချုပ် ချုပ်ဆိုပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၆၁၃၅/၀၆ ဖြင့် လွှဲအပ်ကာ၊ ဦးကျော်ဝင်းမှ လုပ်ငန်းဆက်လက် ဆောင်ရွက်ရာ မြို့တော်စည်ပင်မှ အန္တရာယ်ရှိအဆောက်အအုံသတ်မှတ်ပြီး နေထိုင်သူများအား ပြောင်းရွှေ့ပေးရန် စီစဉ်နေသည့်အခြေအနေသို့ ရောက်ရှိနေပြီး ဖြစ်ပါသည်။ ဦးကျော်ဝင်းမှ အထက်ဖော်ပြပါ အဆောက်အအုံနှင့် ပတ်သက်ပြီး အိမ်ဟောင်းရောင်းချခြင်း၊ ဖြိုဖျက်ခြင်းများနှင့် ပတ်သက်၍ မြေပိုင်ရှင်နှင့် သဘောတူကတိစာချုပ်အရ ဆောင်ရွက်ခြင်းသာဖြစ်ပြီး ဦးကျော်ဝင်း ဆောင်ရွက်သောကိစ္စရပ်များအား နှောင့်ယှက်ခြင်းမပြုရန်နှင့် ၃-၉-၂၀၀၇ရက်စွဲပါ အများသိစေရန် ကြေညာချက်အား ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပါရန်၊ ရုပ်သိမ်းခြင်းမရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းမောင်(LL.B)အထက်တန်းရှေ့နေ(စဉ်-၂၁၅၆၆)
အမှတ်-၂၇၇၊ အခန်း-၁၀(ပထမထပ်)
အာရှပလာဇာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရုပ်ပျိုတိုင်းရင်းဆေး
ထုတ်လုပ်ခွင့်လိုင်စင် ၁၁/၂၀၀၅၊တဆထလ/တိုး (၃၈)
သွေးတိုးရောဂါ ဆေးပြား

ဦးလှမြင့် (TME-004772) နှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်တထောင်ဘုရားလမ်း အမှတ် (၁၇၉/၁၈၁) နေ ဒေါ်ကြည်ကြည်လေး(ခ)ဒေါ်နာဂျာမာဘီဘီ ၁၂/ပဇတ(ပြု) ၀၀၀၀၃၆ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၆ ရပ်ကွက် အနော်ရထာလမ်း ယခင် အမှတ်-၂၈၅/၂၈၇၊ ယခုအမှတ် (၉၃/၉၅) ဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ သုံးထပ်အဆောက်အအုံ အဟောင်းအပါအဝင် အဆောက်အအုံအား ဖျက်သိမ်းပြီး လေးခန်းတွဲ ရှစ်ထပ်တိုက်သစ် ဆောက်လုပ်ရန် မြေပိုင်ရှင် ဒေါ်ကြည်ကြည်လေး(ခ)ဒေါ်နာဂျာမာဘီဘီ ၎င်း၏ ကိုယ်စားလှယ်စာရသူ ဦးတင်ရွှေနှင့် ဦးလှမြင့်တို့ ၆-၉-၂၀၀၂ ရက်စွဲပါ အဆင့်မြင့်ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်း နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး စရန်ငွေ ၅၀၀၀၀၀/-(ကျပ်ငါးသိန်း)အား ဦးလှမြင့်ထံမှ လက်ခံရယူခဲ့ပါသည်။ ၆-၉-၂၀၀၂ရက် သဘောတူစာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း ဦးလှမြင့်မှလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အခြားကန်ထရိုက်တာများအား ဆက်သွယ်ဆောင်ရွက်ခြင်းကို သဘောတူညီခြင်းမရှိ၍ မြေပိုင်ရှင်ဒေါ်ကြည်ကြည်လေး(ခ)ဒေါ်နာဂျာမာဘီဘီက ၂၄-၁၂-၂၀၀၅ ရက်စွဲပါ ကြေးမုံသတင်းစာ၌ ၆-၉-၂၀၀၂ ရက်စွဲပါ သဘောတူစာချုပ်အား ဖျက်သိမ်းပါကြောင်း ကြေညာခဲ့ပြီးဖြစ်ပြီး ဖြစ်ပါသည်။ ယခုအခါ ဒေါ်ကြည်ကြည်လေး(ခ) ဒေါ်နာဂျာမာဘီဘီမှ အထက်ပါအဆောက်အအုံအဟောင်းအား ကန်ထရိုက်တာ ဦးကျော်ဝင်းနှင့် ၅-၈-၂၀၀၆ ရက်တွင် နှစ်ဦးသဘောတူ လေးခန်းတွဲ ရှစ်ထပ်တိုက်သစ်ဆောက်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၁၃၅/၀၆)ဖြင့် လွှဲအပ်ကာ ဦးကျော်ဝင်းမှ လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရာ အဆောက်အအုံအား မြို့တော်စည်ပင်မှ အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ပြီး နေထိုင်သူများအား ပြောင်းရွှေ့ပေးရန် စီစဉ်နေသည့်အခြေအနေသို့ ရောက်ရှိနေပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ကန်ထရိုက်တာ ဦးကျော်ဝင်း(Kyaw City Construction Co.,Ltd.)မှသာ စီမံဆောင်ရွက်ခွင့်ရှိပြီး ဦးလှမြင့်နှင့် တခြားတစ်ဦးတစ်ယောက် ဝင်ရောက်ဟန့်တား နှောင့်ယှက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းမောင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၁၅၆၆)
အမှတ်-၂၇၇၊ အခန်း-၁၀၊ (ပထမထပ်)
အာရှပလာဇာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရွှေဘိုမြို့လုံးကျွတ် သံဃာတော်များ ဆွမ်းဆန်တော်လောင်းလှူ

ရွှေဘို စက်တင်ဘာ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဇနီးဒေါ်အေးအေးတို့အား အမှူးထား၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဆွမ်းဆန်တော် ၁၀ အိတ် ကို ပြည်ရွှေဘိုဆန်လှူအသင်းကြီးသို့ ဩဂုတ် ၂၈ရက်က ပေးပို့လှူဒါန်းသည်။ **(အောက်ပုံ)**

ပြည်ရွှေဘို ဆန်လှူအသင်းကြီး၏ (၁၆)ကြိမ်မြောက် ရွှေဘိုမြို့လုံးကျွတ် သံဃာတော်များအား ဆွမ်းဆန်တော် လောင်းလှူပွဲကို ညနေ ၄နာရီက ရွှေဘိုမြို့ စည်ပင်သာယာဈေးထိပ်၌ ကျင်းပရာ ရွှေဘိုမြို့ပေါ်ရှိ ကျောင်းတိုက် ၇၉ တိုက်မှ ကျောင်းထိုင်ဆရာတော် ၇၉ ပါး၊ ရဟန်းသံဃာ ၇၄၁ ပါး၊ သာမဏေအပါး ၁၀၂၀နှင့် သီလရှင်တိုက် ကိုးတိုက်မှ သီလရှင် ၂၂၄ ပါးတို့အား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် အခြားလှူဖွယ်များကို စုပေါင်းလောင်းလှူကြသည်။

လောင်းလှူ

အဆိုပါလောင်းလှူပွဲသို့ နယ်မြေခံတပ်နယ်မှ အရာရှိများနှင့် တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ မြို့ပေါ်ရပ်ကွက်မှ စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေး အဖွဲ့အစည်းများ၊ ရွှေဘိုမြို့မှ တိုင်းရင်းဆေးလုပ်ငန်းရှင်များနှင့် အလှူရှင်များက စုပေါင်းလောင်းလှူကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အမှတ်(၂) ခရိုင်ချင်းဆက်လမ်းပြီးစီးမှု ညွှန်မှူးစစ်ဆေး

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အမှတ်(၂)ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးမှုကို ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ ဩဂုတ် ၃၁ရက်က ဒုဋ္ဌဝတီမြစ်ဘေး လမ်းအစပိုင်း မီးသွေးဘုတ်မှ မြို့နယ်များအလိုက် တာဝန်ယူဆောင်ရွက်ပြီးဖြစ်သော လမ်းများအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အလိုက် အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်း တင်ပြကြသည်။

ကြံ့ခိုင်မှု

ထို့နောက် လမ်းသစ်ကြီးပေါ်တွင် တည်ဆောက်ပြီး တံတားကြီး၊ တံတားငယ်များ ဖြစ်သော ဇော်ဂျီမြစ်ကူး တံတားကြီး၊ ပန်းလောင်မြစ်ကူးတံတား၊ ရွာခိုင်ကြီး သစ်သား တံတားငယ် နှစ်စင်း၊ အောင်ချမ်းသာတံတား၊ ကင်းတား လက်ဝဲမြောင်းမကြီး ဖြတ်ကူးတံတားများနှင့် ရေကျော်၊ ရေပြွန်များ၏ ကြံ့ခိုင်မှုတို့ကို စစ်ဆေးကြပြီး နေ့လယ်ပိုင်းတွင် မြစ်သား မြို့နယ်အပိုင်းမှဆောက်လုပ်ပြီးသော ကင်းတား လက်ဝဲမြောင်းမ ဖြတ်ကူး တံတား ရေစီးဆင်းမှုနှင့် ကြံ့ခိုင်မှုတို့ကို စစ်ဆေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**
(တိုင်းစည်ပင်)

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့မဈေးပတ်ဝန်းကျင်နှင့် ဈေးဝင်းအတွင်း အမှိုက်နှင့်မြက်များ ရှင်းလင်းမှု၊ ပန်းအလှပင်နှင့်အရိပ်ရပင်များ စိုက်ပျိုးမှုတို့ကို ဩဂုတ် ၁၈ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေးအတွက် တောင်ငူ၌ ခြင်ဆေးဖျန်း

တောင်ငူ စက်တင်ဘာ ၁

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များ၊ ဈေးများနှင့် စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၄ရက်က တောင်ငူမြို့ အထက(၁)ကျောင်းအတွင်း၌ ခြင်ဆေးဖျန်းခြင်းကို အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ကျန်းမာရေးမှူး(၂) ဦးမြတ်သူတို့ ကြီးကြပ်ဆောင်ရွက်ရာသို့ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(က-ပ)**

စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး ဆင်းရှွေလီကြံ တိုးချဲ့စိုက်ပျိုး စိုက်နည်းစနစ်ကိုပါ ကြံတောင်သူများအား ပညာပေးပြသ ဒေသခံလူထုအား ဝင်ငွေတိုးပြီး ဘဝမြင့်မားရေးဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံတပ်က စိုက်ပျိုးထားရှိသော ဆင်းရှွေလီကြံတစ်ဧက တန် ၅၀ စံပြသုတေသန၁၀ဧကစိုက်ခင်းသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ စိုက်ခင်းကြီးကြပ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးတင်အောင်မြင့်က အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းရှွေလီကြံ စံပြသုတေသန စိုက်ခင်း၁၀ဧကအနေဖြင့် ပျမ်းမျှအမြင့် ၁၈ ပေ၊ လုံးပတ်လေးလက်မခန့်ရှိသဖြင့် မူလခန့်မှန်းထားသော တစ်ဧကပျမ်းမျှ တန် ၅၀ အထက် ကျော်လွန်မည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ●

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် တပ်ကုန်းတပ်နယ် ဆင်းရှွေလီကြံတစ်ဧက ပျမ်းမျှ တန် ၅၀ စံပြသုတေသန ၁၀ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၀

ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အတူ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသော ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)သို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အသင်းသား အသင်းသူများအား အမှာစကားပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၅* *

အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် မြန်မာက ထိုင်းကိုနိုင်ပြီး အုပ်စုပထမရရှိ

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက ထိုင်းအမျိုးသမီးဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ထိုက်ထိုက်တန်တန်

မြန်မာအသင်းသည် ထိုင်းအသင်းကို သရေကျလျှင် အုပ်စုဒုတိယသာရမည်ဖြစ်၍ ခြေကုန်ထုတ်ကစားခဲ့ရာ ပွဲပြီးခါနီး မိနစ်ပိုင်းအလိုတွင် အနိုင်ဂိုးသွင်းယူကာ အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် *စာမျက်နှာ ၁၂ ကော်လံ ၁* ■

မြန်မာအမျိုးသမီးဘောလုံးအသင်း ထိုင်းအသင်းဘက်သို့ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပြီးနောက် ဤသို့ပျော်မြူးခဲ့ကြသည်။ (မြန်မာ့အလင်း)